မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၆၉)

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီအစည်းအဝေး စတင်ကျင်းပ

ရန်ကုန် မတ် ၁၇

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ တေရသမ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယ မင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တက်ရောက်ကြည်ညို

ယင်းအစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော်များ၊ အကျိုးတော်ဆောင်ဆရာတော်နှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၊ အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင် တက်ရောက်အမှာစကားပြောကြား ဆပ်ကော်မတီအလိုက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်းတင်ပြ

ရန်ကုန် မတ် ၁၇

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဋ္ဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသန်းဋ္ဌေးက ဆောင်ရွက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၁၈ ရက်)

စီးပွားရေးလုပ်ငန်းများကို ထိထိမိမိ ကြိုးစားလုပ်ကိုင် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်

တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ရယူပြီးနောက် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိသည်။ ယင်းသို့ ပြောင်းလဲကျင့်သုံးရာတွင် နိုင်ငံတော်၏ အားပေးကူညီပံ့ပိုးမှုဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

နိုင်ငံတော်စီးပွားရေးကဏ္ဍရှိ နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများ ပါဝင် ဆောင်ရွက် နေမှုအခြေအနေကို ကြည့်လျှင် ပုဂ္ဂလိကနှင့်သမဝါယမကဏ္ဍသည် ၉၀ရာခိုင်နှုန်းအထိ တိုးတက်ပါဝင်နေသည်ကို တွေ့ရသည်။ ကုန်သွယ်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်ကုန်သွယ်မှုသည် ၉၁ရာခိုင်နှုန်းကျော်အထိ တိုးတက်လျက်ရှိသည်။

နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ စသည့်စီးပွားရေးကဏ္ဍတစ်ခုချင်း၌ ပုဂ္ဂလိကပိုင်ဆိုင်မှု ကဏ္ဍသည် မြင့်မြင့်မားမားတိုးတက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် တိုင်းပြည် စီးပွားရေး ရေရှည်ကြံ့ခိုင် ဖွံ့ဖြိုးရေးကို မျှော်တွေးပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့ ရင်းနှီးမြှုပ်နှံရန် လိုအပ်နေပြီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မတ်လ၁၂ရက်နေ့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်—

“စီးပွားရေးလုပ်ငန်းများကို ရှေ့ဆောင်ရှေ့ရွက်ပြုကြမည့် လုပ်ငန်းရှင်များသည် နိုင်ငံတော်၏ အကျိုးနှင့်ပုဂ္ဂလိက တစ်ဦးချင်း၏အကျိုးကို မျှမျှတတ ချင့်ချိန်တွက်ဆလုပ်ကိုင်ကြရန်၊ သိက္ခာ၊ သမာဓိ ရှိသည့် လုပ်ငန်းရှင်များအဖြစ် နာမည်ယူကြရန်၊ ရေရှည်တည်တံ့မည့် အကျိုးဖြစ်ထွန်းမှုကို အလေးထားကြရန် အချိန်အခါ ရောက်နေပြီဖြစ်ကြောင်း၊ ယနေ့ခေတ်သစ်၊ စနစ်သစ်နှင့်အတူ အတွေးသစ်၊ အမြင်သစ်များ မွေးပြီး ရေရှည်တည်တည်တံ့တံ့နှင့် အကျိုးဖြစ်ထွန်းမည့် စီးပွားရေး အလုပ်များကို တီထွင်ကြံဆကြိုးစား လုပ်ကိုင်သွားကြရမည် ဖြစ်ကြောင်း”

ပြောကြားသွားသည်။

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်ကို လမ်းကြောင်းမှန်အတိုင်း ဝိုင်းဝန်းပံ့ပိုးဖော်ရန် တာဝန်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် ယနေ့အချိန်အခါတွင် အလွန်အရေးပါနေပြီ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ ရှေ့ရေး၊ တိုင်းရင်းသားပြည်သူများ၏ ရှေ့ရေးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းအားလုံးတွင် နိုင်ငံတော်၏ အကျိုးစီးပွား နစ်နာမှုမရှိစေရေးနှင့် အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းမှုကို အဓိကဦးတည် ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသနှင့် နိုင်ငံတော်အတွက် အကျိုးရှိစွာ လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

စားသုံးရာတွင်ဖြစ်စေ၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ နိုင်ငံခြားမှ သွင်းကုန်ပစ္စည်းများ အပေါ်၌သာ မှီခိုလုပ်ကိုင်တတ်သည့် အလေ့အကျင့်များကို လျှော့ပေါ့ပြီး သွင်းကုန်အစားထိုးလုပ်ငန်းများကို တိုးချဲ့ထူထောင်နိုင်ရန် လိုအပ်သကဲ့သို့ ပို့ကုန်ပမာဏ တိုးတက်ရေးကိုလည်း တီထွင်ကြံဆ အလေးပေး ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့မှသာ နိုင်ငံတော်၏ သွင်းကုန်၊ပို့ကုန်အချိုးအစားကွာဟချက်လျော့နည်းလာပြီး နိုင်ငံတော်၏ စီးပွားရေး စနစ်၊ ငွေကြေးစနစ်တို့သည်လည်း တည်ငြိမ်ခိုင်မာလာမည် ဖြစ်သည်။

သို့ဖြစ်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တိုင်းရင်းသားကုန်သည်များသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေ၊ စည်းကမ်းနှင့်အညီ ထိထိမိမိကြိုးစားလုပ်ကိုင်ရင်းနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်၊ မွန်မြတ်သည့် စိတ်ထားဖြင့် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) အလှူငွေပေးအပ်ပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေတက်ရောက်၍ အလှူငွေများလက်ခံ

ရန်ကုန် မတ် ၁၇

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) မိသားစုများက တပ်မတော်စစ်ကြောင်းကြီးများ၊ ဆေးရုံများ၊ လူမှုရေးအသင်းအဖွဲ့များသို့ (၁၆)ကြိမ်မြောက် အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို မတ်၁၃ရက် ညနေ ၄နာရီက ရန်ကုန်မြို့ မဟာဝိဇယစေတီတော်ရင်ပြင်တော်ရှိ ဓမ္မရက္ခိတဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေးတို့ တက်ရောက်၍ အလှူငွေများကို လက်ခံကြသည်။

အခမ်းအနားသို့ စစ်ဒေသမှူးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌများ၊ မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ဆေးရုံ၊ ပြည်သူ့ဆေးရုံ၊ မျက်မမြင်ကျောင်းများ၊ ပရဟိတဂေဟာနှင့် လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်း စုံထိန်းသိမ်းရေးကော်မတီမှ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား)က အလှူငွေများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)က မဟာဝိဇယစေတီတော် ရွှေသင်္ကန်း ကပ်လှူရန်အတွက် အလှူငွေကျပ် သိန်း ၂၀၀၊ ရန်ကုန်တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)က မဟာဝိဇယစေတီတော်အရံစေတီရွှေချရန်နှင့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ် ၄၅သိန်း၊ ဦးကျော်အေး-ဒေါ်ခင်ညွန့် မိသားစုက ငွေကျပ်၄၈သိန်း၊ ဦးချစ်မောင်-ဒေါ်ခင်သန်းဝေမိသားစုနှင့် ဦးခင်ဇော်-ဒေါ်တင်တင်စန်း မိသားစုတို့က ပထမပစ္စယာရှိ အရံစေတီတော်တစ်ဆူ ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ်ငါးသိန်းစီနှင့် ဦးကြည်ဝင်းနှင့် သားသမီး၊ မြေးတစ်စုက ငွေကျပ်လေးသိန်းငါးသောင်းတန်ဖိုးရှိ ရွှေကြယ်သီး၊ ရွှေလက်ကောက်၊ ကျောက်နီလက်စွပ်၊ နားကပ်နှင့်ကျောက်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက စွယ်တော်မြတ်စေတီတော် (ရန်ကုန်)ရွှေသင်္ကန်း ကပ်လှူရန်အတွက် လှူဒါန်းသည့်ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက လည်းကောင်း၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ လှူဒါန်းသည့် ငွေကျပ်ငါးသိန်းကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လည်းကောင်း လက်ခံကြသည်။

ထို့နောက် တာဝန်ရှိသူများက ရန်ကုန်တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မြို့တွင်း)မှ ရန်ကုန်တိုင်းအတွင်းရှိ တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ သံဃာ့ဆေးရုံနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မျက်မမြင်ကျောင်းများ၊ ပရဟိတကျောင်းများနှင့် ဂေဟာများသို့ လှူဒါန်းသည့် အလှူငွေကျပ်၄၇သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူငွေလက်ခံရရှိသည့် အဖွဲ့အစည်းများကိုယ်စား ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်က ကျေးဇူးတင်စကား ပြောကြားသည်။

(၁၆)ကြိမ်မြောက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) မိသားစုဝင်များက တပ်မတော်နေ့စစ်ရေးပြ စစ်ကြောင်းကြီးများ၊ ဆေးရုံများ၊ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေစုစုပေါင်း ငွေကျပ် ၃၆၆၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် မတ် ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

	အမည်၊လက်ရှိရာထူး၊ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးစောဟန်ရှိန် ပါမောက္ခချုပ် ဘားအံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မော်လမြိုင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ခ)	ဦးကျော်ဝင်း ညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်—

	အမည်၊ရာထူး၊ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာဦးခင်လှ ပါမောက္ခ/ဌာနမှူး ဆေးဘက်ပညာသည်တက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးဘက်ပညာသည်တက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ)	ဦးငွေထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန

■ ရှေ့ဖုံးမှ

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယဘဒ္ဒန္တ ကောသလက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယကဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားတော်မူပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ဩဝါဒကထာမြွက်ကြား

ထို့နောက် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်းသရက်မြို့ အောင်မင်္ဂလာစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မ ဋ္ဌာနာစရိယဘဒ္ဒန္တ ကောသလက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာမြွက်ကြားတော်မူသည်။

(သဘာပတိဆရာတော်၏အစည်းအဝေးဖွင့်သာရဏီယ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် မိမိတို့မြန်မာနိုင်ငံတွင်ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အထွန်းကားဆုံးဖြစ်သည်နှင့်အညီ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင် စုစုပေါင်းမှာ လေးသိန်းကျော် ငါးသိန်းနီးပါး သာသနာပြုလျက်ရှိကြပါကြောင်း၊ ထိုသို့များပြားလှသော သာသနာ့ဝန်ထမ်းများအား သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့ မကြောင့်မကြ မတောင့်တရဘဲ အေးအေးချမ်းချမ်း သာသနာပြုတော်မူနိုင်ကြစေရန် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားဒါယကာ၊ ဒါယိကာမ အပေါင်းတို့ကလည်း သဒ္ဓါကြည်ဖြူ လှူဒါန်းလျက်ရှိကြပါကြောင်း။

ဤကဲ့သို့ ဆရာဒကာလက်တွဲညီညာစွာ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ထမ်းဆောင်တော်မူနေကြသဖြင့် သာသနာရေးရာရှုထောင့်မှ ကြည့်မည်ဆိုပါလျှင် ရဟန်းကောင်း၊ ရဟန်းမြတ်များပေါ်ထွန်းလာခြင်း၊ အဓမ္မဝါဒများကိုဖယ်ရှားနိုင်ခြင်း၊ ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များကို ခေတ်နှင့်အညီ ပြုစုပျိုးထောင်မွေးထုတ်နိုင်ခြင်း၊ စေတီပုထိုးကျောင်းကန်စသော သာသနိက အဆောက်အအုံများလည်း အထူးကြည်ညိုဖွယ်ရာ ဆောင်လာစေရန် အဟောင်းပြုပြင် အသစ်တည်ဆောက်လာခြင်းများကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပါကြောင်း။

တစ်ဖန် ဝိနိစ္ဆယရေးရာရှုထောင့်မှ ကြည့်မည်ဆိုပါကလည်း သံဃာ့မှုခင်းများကို ဝိနည်းတရားတော်နှင့်အညီ အဂတိတရားများ ကင်းရှင်းလျက် အဆုံးအဖြတ်ပေးနိုင်ကြမည့် ဝိနည်းဓိုရ်ဆရာတော်ကြီးများကို စဉ်ဆက်မပြတ် ရွေးချယ်ဖွဲ့စည်းနိုင်ခြင်း၊ သံဃာ့မှုခင်းများ လျော့နည်းကျဆင်းလာခြင်းများကို အထူးစိတ်ချမ်းမြေ့ဖွယ်ရာ တွေ့ရှိကြောင်း၊ ထို့ပြင် ပညာရေးရှုထောင့်မှ ကြည့်ပြန်လျှင်လည်း အခြေခံပရိယတ္တိစာမေးပွဲများ ကျင်းပခြင်းမှသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအထိဖွင့်လှစ်ကာ အဆင့်မြင့်သာသနာ့ပညာရှင်များ မွေးထုတ်နိုင်ခြင်းသည် အနာဂတ်သာသနာတော်အတွက်အားတက်ဖွယ်ရာ တွေ့ရှိရပါကြောင်း။

သာသနာတော် တစ်ရပ်လုံးနှင့် ခြုံ၍ ကြည့်မည်ဆိုပါကလည်း မြန်မာနိုင်ငံတွင် လွန်ခဲ့သော ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့မှ ၁၁ရက်နေ့အထိ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၈နိုင်ငံပါဝင်ကာ နိုင်ငံတကာအဆင့်မီအောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ခဲ့ခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ သွေးစည်းညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ထောင်နိုင်ခဲ့သော ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်း မှတ်တိုင်ကြီးပင် ဖြစ်ပါကြောင်း။

အထူးသဖြင့် ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကြီး ပြီးဆုံးပြီးနောက် ၁၃၆၆ခုနှစ် တပေါင်းလပြည့်နေ့ (မတ်လ ၂၄ ရက်) ကြာသပတေးနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရက ဆက်ကပ်လှူဒါန်းအပ်နှင်းသည့် ၂၀၀၅ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကြီးကို ခံ့ညား ထည်ဝါစွာကျင်းပမည်ဖြစ်ပါကြောင်း။

ထိုအခမ်းအနားကြီးအပြီးတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြုလုပ်မည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကိုလည်း စည်ကားသိုက်မြိုက်စွာ ပြုလုပ်မည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးမှ သံဃာတော် အရှင်မြတ်များအား တစ်နေရာတည်း၌ပင် ဖူးမြော်ကြည်ညိုခွင့်ရရှိကြလျက် လှူဖွယ်ဝတ္ထုအစုစု လောင်းလှူမှုကိုလည်း ထူးကဲစွာရရှိကြမည်ဖြစ်ပါကြောင်း။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးနှင့် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးပွဲကြီးများကို ချောမွေ့အောင်မြင်စွာ ကျင်းပနိုင်စေခြင်းအလို့ငှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရ၏ဦးဆောင်မှု၊ ဝန်ကြီးဌာန အသီးသီး၏ပံ့ပိုးမှု၊ စေတနာရှင် အလှူဒါယကာ ဒါယိကာမများ၏ လှူဒါန်းထောက်ပံ့မှုတို့ဖြင့် အဘက်ဘက်မှ လိုလေသေး မရှိရအောင် ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များသည် ပုထုဇဉ်သဘာဝအလျောက် အကယ်၍ အမှားအယွင်းများ၊ လိုအပ်မှုများရှိခဲ့ပါလျှင် ဆရာတော်များအနေဖြင့် မေတ္တာကရုဏာရှေ့ထား၍ သည်းခံခွင့်လွှတ်တော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါကြောင်းဖြင့် လျှောက်ထားသွားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ်တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တာဝန်ကျအဖွဲ့၏ကိုယ်စား နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသက တင်သွင်းလျှောက်ထားတော်မူသည်။

တင်သွင်းလျှောက်ထား

ဆက်လက်၍ ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်းဆောင်ရွက်ချက်အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြရာတွင် ဝိနိစ္ဆယရေးရာကဏ္ဍာကိုမန္တလေးတိုင်းမဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတ သိရီဘိဝံသ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ နတ်မော်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုမနနှင့် စစ်ကိုင်းတိုင်း ကသာမြို့ ကျောက်ထုံးကြီးကျောင်းဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တ နိမလတို့ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍာကို မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂါရဝနှင့် ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျာသုခဝါဆိုကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာတို့ကလည်းကောင်း၊ ပညာရေးရာ ကဏ္ဍာကို ကရင်ပြည်နယ် ဘားအံမြို့ ခေမာရာမ ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇာနေယျကလည်းကောင်း အသီးသီးတင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ရွေးချယ်ရန်ကိစ္စ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရန်ကိစ္စတို့ကို ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ပထမနေ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးကို မတ် ၁၈ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီတေရသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များအား ယနေ့တွင် ရန်ကုန်မြို့ ပါရမီရိပ်သာ မြစံပါယ်လမ်း အမှတ်(၂၆)နေ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ခင်ဝင်းမြင့်နှင့် ညီအစ်မ တစ်စုတို့က တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောသလက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာမြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

ရဟန်းတော်များ သီလစသောဂုဏ်တို့၌ သန့်ရှင်းတည်မြဲနေမှသာ သဒ္ဓမ္မသုံးပြားသာသနာတော်မြတ်ကြီး သန့်ရှင်းနိုင်၊ တည်မြဲနိုင်မည်

ရန်ကုန် မတ် ၁၇

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောသလ၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ဆရာတော်ဘုရားများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် သာသနာတော်အကျိုး သယ်ပိုးရွက်ဆောင်နိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သအပ်ပါသည်ဘုရား။

ဆရာတော်ဘုရားများ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ဂရုမပြုဘဲ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုကာ ထက်သန်သော သမ္မာဆန္ဒဖြင့် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသည်ကို တွေ့မြင်ရပါသဖြင့် ဘုရားတပည့်တော်မှာ ဝမ်းသာကြည်နူးအထူးပင် အားတက်မိပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အဓိကကျသော လုပ်ငန်းတာဝန်မှာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁၇၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏လုပ်ငန်းတာဝန်များ အပိုဒ်–၁၁၀၊ အပိုဒ်ခွဲ(က)၌ "သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးကို တာဝန်ယူဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် သာသနာတော်သန့်ရှင်းရေး၊ သာသနာတော်တည်တံ့ရေး၊ သာသနာတော်ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးဟူသော အရေးကိစ္စများကို မျက်ခြည်ပြတ်မခံဘဲ မိမိတို့ကိုယ်တိုင် သဒ္ဓမ္မသုံးဖြာ သာသနာတော်၌ သီလစသောဂုဏ်ဖြင့် သန့်ရှင်းတည်တံ့ပြန့်ပွားခြင်းသို့ရောက်နေအောင် ကျင့်ဆောင်ကြမှသာ သဒ္ဓမ္မ သုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်းတည်တံ့ပြန့်ပွားခြင်းသို့ ရောက်နိုင်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက–

"ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော စဝတိ န ပတိဋ္ဌာတိ သဒ္ဓမ္မေ"

စသည် ဖြင့်လည်းကောင်း၊

"ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ"

စသည်ဖြင့်လည်းကောင်း ဟောတော်မူခဲ့ပါသည်။ (အံ၊ ၂၊ ၆–၇) ဤသုတ်တော်များကို အရှင်မဟာကဿပ စသော ရဟန္တာအရှင်မြတ်ကြီးများက အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ သေခဗလဝဂ်၌ ပဌမ–ဒုတိယ အဂါရဝ သုတ်ဟူသော အမည်ဖြင့် သင်္ဂါယနာတင်တော်မူခဲ့ကြပါသည်ဘုရား။

ဤသုတ်တော်များ၏ အဓိပ္ပာယ်အကျဉ်းမှာ–

"သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာမရှိဘဲ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားခြင်း– အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၏ အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူခြင်းမရှိသော ရဟန်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်၌ သီလစသော ဂုဏ်တို့မှလျော့ကျ၏။ သီလစသော ဂုဏ်တို့၌ မတည်မြဲနိုင်။ ဓမ္မဝိနယ တည်းဟူသော သာသနာတော်၌ သီလစသည်ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်ရန်မထိုက်တန်။

သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာရှိ၍ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားခြင်း၊ အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၏ အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူခြင်းရှိသော ရဟန်းသည် သဒ္ဓမ္မသုံးဖြာသာသနာတော်၌ သီလစသောဂုဏ်တို့မှ မလျော့ကျနိုင်၊ သီလစသော ဂုဏ်တို့၌ တည်မြဲနိုင်၏။ ဓမ္မဝိနယ တည်းဟူသော သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်ရန်ထိုက်တန်၏"ဟု ဆိုလိုပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား ရဟန်းတော်များ သီလစသော ဂုဏ်တို့၌ မသန့်ရှင်းလျှင်၊ မတည်မြဲလျှင် သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီးလည်း သန့်ရှင်းနိုင်၊ တည်မြဲနိုင်မည်မဟုတ်ပါ။ ရဟန်းတော်များ ဓမ္မဝိနယ တည်းဟူသော သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းတို့မရောက်လျှင် ဓမ္မဝိနယတည်းဟူသော သာသနာတော်မြတ်ကြီးလည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်နိုင်မည်မဟုတ်ပါ။

ရဟန်းတော်များ သီလစသော ဂုဏ်တို့၌ သန့်ရှင်းနေမှသာ တည်မြဲနေမှသာ သဒ္ဓမ္မ သုံးဖြာသာသနာတော်မြတ်ကြီးလည်း သန့်ရှင်းနိုင်၊ တည်မြဲနိုင်မည်ဖြစ်ပါသည်။ ရဟန်းတော်များ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းတို့ ရောက်နေမှသာ ဓမ္မဝိနယတည်းဟူသော သာသနာတော်မြတ်ကြီးလည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်နိုင်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော အဓိကတာဝန်ကြီးများကို ဆောင်ရွက်နေကြရသော ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့သည် သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာ ငါးဖြာသောတရားတို့နှင့် ပြည့်စုံကြလျက် ရိုသေ လေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားသော သဂါရဝပုဂ္ဂိုလ်၊ အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၏ အဆုံးအမ အဆိုအမိန့်စကားများကို လေးစားနာယူတတ်သော သပ္ပတိဿပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ဆောင်တော်မူကြ၍ သံဃာစည်းလုံးညီညွတ်ရေး ပျက်ပြားဖွယ် ပြုလုပ်ပြောဆိုဆောင်ရွက်မှုတို့ကို မပြုလုပ်၊ မပြောဆို၊ မဆောင်ရွက်မိအောင် ရှောင်ကြဉ်တော်မူကြကာ သုံးသိန်းကျော် သံဃာတော်တို့က ပေးအပ်ထားသော အဓိကတာဝန်ကြီးလေးရပ်ကို အတတ်နိုင်ဆုံး ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တ ကောသလ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ။

ဆူဒန်နိုင်ငံ ခါတွန်မြို့ရှိ ဆင်စွယ်ပန်းပုရုပ်တု ရောင်းချသည့် ဆိုင်တစ်ဆိုင်တွင် ဆင်စွယ်တစ်စုံအား ပြသနေသည်ကို မတ် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

သဘော်အများဆုံး တည်ဆောက်သည့်နိုင်ငံ တရုတ်နိုင်ငံဖြစ်လာရန် ကြိုးပမ်းမည်

ပေကျင်း မတ် ၁၆

တရုတ်နိုင်ငံသည် နိုင်ငံတကာသင်္ဘောဈေးကွက် လိုအပ်ချက်များတိုးပွားလာခြင်းနှင့်အတူ ယခုနှစ်တွင် သင်္ဘောများ ပိုမိုတည်ဆောက်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ ကမ္ဘာ့သင်္ဘောအများဆုံး တည်ဆောက်သည့်နိုင်ငံဖြစ်ရန်လည်း ကြိုးပမ်းနေကြောင်း တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်ရှိ ဘိုဟိုင်းသင်္ဘောတည်ဆောက်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌရောင်ကွမ်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် လောလောဆယ်တွင် ကမ္ဘာ့သင်္ဘောတည်ဆောက်မှု စုစုပေါင်း၏ ၁၅ရာခိုင်နှုန်းခန့် တည်ဆောက်နေကြောင်း၊ ကမ္ဘာ့သင်္ဘောမှာယူမှုအားလုံး၏ ၁၇ရာခိုင်နှုန်းရှိကြောင်း ၎င်းက(၁၀)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်တွင် ဆင်ဟွာ၏ တွေ့ဆုံမေးမြန်းမှုကို ပြောကြားသည်။

ပြောကြား

တရုတ်နိုင်ငံသည် ကမ္ဘာ့တတိယသင်္ဘောတည်ဆောက်သည့် နိုင်ငံဖြစ်ကြောင်း၊ တိုးတက်လာသည့် အရှိန်အဟုန်ကို ထိန်းထားပြီး အနာဂတ်တွင် ပထမဆင့်သို့ရောက်ရန် ကြိုးစားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

သင်္ဘောတည်ဆောက်ရေးလုပ်ငန်း တိုးတက်လာခြင်းသည် စက်မှုထုတ်ကုန်အားလုံး တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သံနှင့်သံမဏိထုတ်လုပ်ခြင်းလုပ်ငန်း၊ အီလက်ထရွန်နစ်နှင့် စက်ပစ္စည်းထုတ်ကုန်များဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းအဲဝေး၏ လေကြောင်းခရီးစဉ်များ မြို့ကြီးကိုးမြို့သို့ တိုးချဲ့ပျံသန်းရန်စီစဉ်

ဗန်ကောက် မတ် ၁၆

ထိုင်းအမျိုးသား လေကြောင်းလိုင်းဖြစ်သော ထိုင်းအဲဝေးသည် မေလ ၁ရက်၌စတင်၍ အမေရိကန် ပြည်ထောင်စုသို့ ပထမဆုံးအကြိမ် တိုက်ရိုက်ပျံသန်းမှုအပါအဝင် ယင်း၏ နိုင်ငံတကာဆိုင်ရာလေကြောင်းလိုင်းများကို တိုးချဲ့ထားကြောင်း ကြေညာသည်။

နွေရာသီ လေကြောင်းလိုင်းတိုးချဲ့မှု အစီအစဉ်၏ အစိတ်အပိုင်းအဖြစ် ယင်း၏လက်ရှိနိုင်ငံတကာလေကြောင်းခရီးစဉ်များကို မြို့ကြီးကိုးမြို့သို့ ယခုလကုန်ပိုင်း၌ တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း ထိုင်းအဲဝေး လေကြောင်းလိုင်းက ပြောကြားသည်။

ပြန်လည်ရှင်သန်ရေး

ယင်းဆောင်ရွက်ချက်များသည် ဆူနာမီဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်ရေးကို ထိုင်းအစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့က စုပေါင်းလုပ်ဆောင်ခဲ့ရာတွင် ရင်းနှီးမြှုပ်နှံမှုဈေးကွက်၊ စီးပွားရေးနှင့် အားလပ်ရက်ခရီးတိုးချဲ့မှုတို့ အထောက်အကူဖြစ်စေရန်ဖြစ်ကြောင်း လေကြောင်းလိုင်းက ပြောကြားသည်။

၁၇နာရီပျံသန်းမည့် နယူးယောက်လေကြောင်းခရီးကို တစ်ပတ်လျှင် ခြောက်ကြိမ်ဖြင့် ခရီးသည် ၂၁၅ဦးကို သယ်ဆောင်ပျံသန်းပေးမည် ဖြစ်သည်။ ထိုင်းအဲဝေးသည် အိုဆာကာမှတစ်ဆင့် လော့စ်အိန်ဂျလိစ်သို့ တစ်ပတ်လျှင် လေးကြိမ်ပျံသန်းပေးနေပြီဖြစ်သည်။

အပိုဆောင်း

ထို့ပြင် မတ် ၂၇ ရက်နှင့် အောက်တိုဘာ ၂၉ရက်ကြားတွင် လန်ဒန်၊ မက်ဒရစ်၊ စတော့ဟုမ်းနှင့် ဖရန့်ဖတ်မြို့များသို့ တစ်ပတ်လျှင်တစ်ကြိမ် အပိုဆောင်း ပျံသန်းပေးမည်ဟု ထိုင်းအဲဝေးက ပြောကြားသည်။

တစ်ဖန်ပေကျင်းသို့ တစ်ပတ် သုံးကြိမ်၊ မနီလာသို့ တစ်ပတ်နှစ်ကြိမ်နှင့် ဟိုချီမင်းသို့ တစ်ပတ်တစ်ကြိမ် ပျံသန်းမည့်အပြင် ဆစ်ဒနီနှင့်အော့ကလန်သို့လည်း လက်ရှိ ၁၄ကြိမ်နှင့် ၁၀ ကြိမ်ပျံသန်းပေးရာမှ သုံးကြိမ်စီတိုး၍ ပျံသန်းပေးမည်ဟုဆိုသည်။

(အင်တာနက်)

သီရိလင်္ကာ၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ၂၀၀၄ခုနှစ်အတွင်း စံချိန်တင် မြင့်မားခဲ့

ကိုလံဘို မတ် ၁၆

သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၀၄ ခုနှစ်အတွင်း၌ စံချိန်တင်မြင့်မားခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦး၏ ပြောဆိုချက်ကို အစိုးရရေဒီယိုက တနင်္ဂနွေနေ့၌ ကိုးကား ထုတ်လွှင့်ခဲ့သည်။

၂၀၀၄ ခုနှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် သီရိလင်္ကာရူပီးငွေ ၂၃ ဘီလီယံထိရှိခဲ့ကြောင်း၊ ထူးခြားသော အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုအဖွဲ့ဥက္ကဋ္ဌ ဆာလီယာဝစ်ကာမာဆူရီယာ၏ ပြောကြားချက်ကို ရေဒီယိုက ကိုးကားပြီး သတင်းထုတ်လွှင့်သည်။

သီရိလင်္ကာနိုင်ငံတွင် တမီးလ်ကျားသူပုန်တို့နှင့် အပစ်အခတ် ရပ်စဲရေးသဘောတူချက်ရရှိထားရာ နိုင်ငံအတွင်း ငြိမ်းချမ်းမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးလာရသည့် အဓိကအချက်ဖြစ်သည်ဟု ဆိုသည်။

ဆွစ်ဘီလပ်မြေထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော ဟိုလီမ်းက ဒေါ်လာသန်း ၅၀ဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံထားပြီး မလေးရှားကြေးနန်းကုမ္ပဏီက ဒေါ်လာသန်း ၄၀ ရင်းနှီးမြှုပ်နှံထားသည်။

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အကျိုးကိုရရှိသော အခြားကဏ္ဍများမှာသတ္တုတူးဖော်ရေး၊ အထည်အလိပ်၊ အစားအစာ၊ အဖျော်ယမကာနှင့် အာလူးထုတ်ကုန်ပစ္စည်းလုပ်ငန်း၊ ဓာတု၊ ရေနံ၊ ရော်ဘာထုတ်ကုန်နှင့် စက်မှုထုတ်ကုန်လုပ်ငန်းများဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆူနာမီကြိုတင်သတိပေးစနစ် ပူးပေါင်းဆောင်ရွက်ရန် အင်ဒိုနီးရှားနှင့်ဂျာမနီ နှစ်နိုင်ငံသဘောတူလက်မှတ်ထိုး

ဂျကာတာ မတ် ၁၆

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၆ရက်က လှုပ်ခဲ့သော အင်အားပြင်းထန်သည့် ငလျင်ကြီးဖြစ်ပေါ်ရာ အိန္ဒိယသမုဒ္ဒရာတွင် ဆူနာမီသတိပေးစနစ် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုတစ်ရပ်ကို အင်ဒိုနီးရှားနှင့် ဂျာမနီနိုင်ငံတို့က ဂျကာတာမြို့တွင် တနင်္လာနေ့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်ကို အင်ဒိုနီးရှားနိုင်ငံ သုတေသနနှင့် နည်းပညာဝန်ကြီး ကူစမာယန်တိုကာ ဒီမင်နှင့် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျာမနီနိုင်ငံ ပညာရေးဝန်ကြီး အီဒယ်ဂတ်ဘူလ်မင်တို့ လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

ဂျာမနီအစိုးရအနေဖြင့် ခေတ်မီနည်းပညာသုံး ဆူနာမီ သတိပေးစနစ်ကို အင်ဒိုနီးရှားနှင့် ပူးပေါင်းဆောင်ရွက်ရသဖြင့် အားရကျေနပ်ကြောင်း ဘူလ်မင်က ပြောကြားခဲ့သည်။

ထပ်မံပြောကြား

ဆူနာမီလှိုင်းများနှင့် ပတ်သက်၍ ကြိုတင်သတိပေးမှု စနစ်တစ်ရပ်နှင့် အလွန်လျင်မြန်သော အချက်အလက်များကိုသိရှိရန် ထောက်ပံ့နိုင်ရေးအတွက် ဂျာမနီနိုင်ငံက စီစဉ်ဆောင်ရွက်ထားကြောင်း ယင်းက ထပ်မံပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်မှ အီတလီတပ်ဖွဲ့ဝင်များ ရုပ်သိမ်းတော့မည်

ရောမ မတ် ၁၆

ယခုနှစ် လာမည့်စက်တင်ဘာလတွင် တပ်ဖွဲ့ဝင်များကို အီရတ်မှရုပ်သိမ်းတော့မည်ဖြစ်ကြောင်း အမေရိကန်၏မဟာမိတ်တစ်ဦးဖြစ်သည့် အီတလီ နိုင်ငံက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ပြန်ချင်နေ

အီရတ်တွင်ရောက်ရှိနေသော တပ်ဖွဲ့ဝင်များကိစ္စရပ်နှင့်ပတ်သက်၍ ဗြိတိန်ဝန်ကြီးချုပ် ဘလဲနှင့် ပြောဆိုဆွေးနွေးရာတွင် အီတလီဝန်ကြီးချုပ် ဆဲလ်ဗီရိုဘာလူစကိုနီက အထက်ပါအတိုင်း ပြောကြားလိုက်ပြီး အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင်များလည်း ယင်းတို့၏နေရပ်နိုင်ငံများသို့ ပြန်ချင်နေသည့် ဆန္ဒများရှိနေကြောင်း စကိုနီက ထပ်မံပြောကြားသည်။

သဘောတူထား

အီရတ်တွင် အီတလီတပ်ဖွဲ့ဝင်များဖြန့်ချမှုနှင့်ပတ်သက်၍ အီတလီပြည်သူများက ဆန့်ကျင်ခဲ့ခြင်းနှင့် လာမည့်နှစ်တွင် ရွေးကောက်ပွဲနှင့် ကြုံတွေ့ရမည့် အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက လာမည့်စက်တင်ဘာလမှစတင်ကာ ယခုနှစ်မကုန်မီအချိန်အတွင်း မိမိတို့တပ်ဖွဲ့ဝင်များကို လျှော့ချရုပ်သိမ်းရန် မဟာမိတ်နိုင်ငံများနှင့် သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ဖိအားပေး

အီရတ်နိုင်ငံတွင် ယခုလစောစောပိုင်းက အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ပစ်ခတ်မှုကြောင့် အီတလီထောက်လှမ်းရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရပြီးနောက် အီရတ်မှအီတလီတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက ဖိအားပေးခြင်း ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ဗန်ကောက်မြို့တွင် ယာဉ်ပိတ်ဆို့မှုလျှော့နည်းစေရန် အဆင့်မြင့်နည်းစနစ်များ တပ်ဆင်မည်

ဗန်ကောက် မတ် ၁၆

မော်တော်ယာဉ်များ ပိတ်ဆို့မှုကို လျှော့နည်းကျဆင်းစေရန်အတွက် ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်မြို့တွင် ယခုနှစ်၌ အဆင့်မြင့် နည်းပညာသုံးစနစ်များ စတင်တပ်ဆင်တော့မည်ဖြစ်ကြောင်း ပြည်တွင်းထုတ် သတင်းစာများက တနင်္လာနေ့တွင် ဖော်ပြထားသည်။

အဆိုပါစနစ်ကို ယာဉ်သွားလာမှု ထောက်လှမ်းရေးစနစ်ဟု အမည်ပေးထားပြီး ယာဉ်ကြောပိတ်ဆို့မှု အဆိုးရွားဆုံးနယ်မြေများမှ ယာဉ်မောင်းများ၏ ပေးပို့သတင်းအချက်အလက်များနှင့် နောက်ထပ်ဘတ်စ်ကားတစ်စီးကို မည်မျှကြာအောင် စောင့်ဆိုင်းရသည်ဆိုသော ဘတ်စ်ကားစီးခရီးသည်များအတွက် အီလက်ထရွန်နစ် ဖန်သားပြင်များလည်း ယင်းစနစ်တွင်ပါဝင်သည်။

ထို့အပြင် ဘတ်စ်ကားဖြင့် ခရီးသွားမှု အဆင်မပြေသူများအတွက် အငှားကား ခေါ်ယူရန်လည်း အဆင်ပြေအောင် စီစဉ်ထားကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ် တစ်စီးကို မတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



✡ ကျောဖုံးမှ

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၁၀နာရီခွဲတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ မြေအသုံးချမှု၊ လယ်ယာမြေဖော်ထုတ်ရေးနှင့် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူတစ်ဦးချင်းဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍရပ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

အစားထိုးထွန်ယက်စိုက်ပျိုး

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်သည် စိုက်ပျိုးမြေဧရိယာ များပြားသော်လည်း စိုက်ဧကနည်းပါးမှုရှိသည်ကို တွေ့ရကြောင်း၊ လယ်ယာမြေ အများအပြား မစိုက်ပျိုးသည်ကို တွေ့ရှိရကြောင်း၊ သမားရိုးကျထွန်ယက် စိုက်ပျိုးမှုအစား စက်မှုလယ်ယာကဏ္ဍကို အစားထိုးပြီး ထွန်ယက်စိုက်ပျိုးရန်လိုကြောင်း။

ပြည်နယ်အနေဖြင့် ဒေသဝမ်းစာပိုလျှံသော်လည်း နေရာဒေသတိုင်း ဝမ်းစာဖူလုံရေးတိုးတက်ရန် ဒေသခံပြည်သူများ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုနှစ်တွင် မိုးစပါးဧက ၈၆၉၇၂ဧက တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာစိုက်ပျိုးရေးဝန်ထမ်းများကရည်မှန်းချက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စိုက်ပျိုးကြရန်လိုကြောင်း၊ ထို့အပြင် ကချင်ပြည်နယ်၏ရေမြေသဘာဝအရကြံသီးနှံကိုလည်း စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း၊ စိုက်ပျိုးရေးအတွက် မြေ အနေအထားနှင့် ရာသီဥတုပေး၍ မြေလွတ်မြေရိုင်းများကို အလဟဿ အလွတ်မထားဘဲ မိမိဒေသနှင့်ကိုက်ညီသည့် ရော်ဘာအပါအဝင် အဓိကသီးနှံများကို စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ မိုးစပါးအပြီး ပဲမျိုးစုံစိုက်ပျိုးရန်ကိုက်ညီသည့် ဒေသများတွင် ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးရန် တာဝန်ရှိသူဝန်ထမ်းများက ကြိုးပမ်းကြဆကြရန်လိုကြောင်း၊ မွေးမြူရေးအနေဖြင့်လည်း ဒေသနှင့်ကိုက်ညီမည့် ငါးမွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ မွေးမြူကြရန်လိုအပ်ကြောင်း၊ သို့မှသာ တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး မိမိဒေသ၊ မိမိပြည်နယ်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဖြင့်ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် ဧရာဝတီမြစ်ကူး(ဗလမင်းထင်)တံတားသို့ ရောက်ရှိကြပြီး တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားကြီး ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ၁နာရီတွင် အစိုးရကွန်ပျူတာကောလိပ်(မြစ်ကြီးနား)သို့ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အစိုးရကွန်ပျူတာကောလိပ် (မြစ်ကြီးနား)ကျောင်းအုပ်ကြီးဒေါက်တာနှင်းမင်းဦးက ကောလိပ်၏ နောက်ခံသမိုင်းကြောင်း၊ သင်ကြားရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေ၊ ဆရာဆရာမများအင်အား၊ ကျောင်းသားအရေအတွက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား)ကျောင်းအုပ်ကြီးဦးအောင်မိုးက သင်ကြားရေးဆိုင်ရာဆောင်ရွက်မှု၊ဆရာဆရာမအင်အား၊ ကျောင်းသားအရေအတွက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ရှိ အလယ် Portion အဆောင် အပါအဝင် တည်ဆောက်နေမှု အခြေအနေများကို အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

အစိုးရနည်းပညာကောလိပ်(မြစ်ကြီးနား)တည်ဆောက်ရေး စီမံကိန်းကို ၂၀၀၄ခုနှစ် ဇန်နဝါရီ၁၂ရက်တွင် ပန္နက်တင်ဆောင်ရွက်ခဲ့ပြီး မတ်၁ရက်တွင် လုပ်ငန်းများကိုစတင်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ ကျောင်းဝင်းဧရိယာ ၁၅၀ဒသမ ၆၂ဧက၊ လမ်းမကြီးအရှည်ပေ၁၅၇၀၊ မြက်စိုက်ပြီးပေရှည် ပေ၁၃၀၀ရှိပြီး အဆောက်အအုံမှာ အလျား ၅၁၃ပေ၊ အနံ၃၅၈ပေနှင့် အဆောက်အအုံအမျိုးအစားမှာ သံကူကွန်ကရစ် RC သုံးထပ်အဆောက်အအုံဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် (မြစ်ကြီးနား) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိမ်ပြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အသည်းရောင်အသားဝါ(စီ)ရောဂါပိုးစမ်းသပ်စစ်ဆေးသည့် ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၁၇

Korea International Co-operation Agency(KOICA)က စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၀၀၀၀တန်ဖိုးရှိ အသည်းရောင်အသားဝါ(စီ) ရောဂါပိုးစမ်းသပ်စစ်ဆေးသည့် ဆေးပစ္စည်းများကို မတ်၁၅ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်လှူဒါန်းသည်။

လှူဒါန်းပွဲသို့ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ KOICA မှ ဌာနေကိုယ်စားလှယ် Baek, Sook-hee၊ ဒုတိယဌာနေ ကိုယ်စားလှယ်များဖြစ်ကြသည့် Lee, Kyung-Soo နှင့် Dr.Choi Jae Sung၊ အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်နှင့် ဆေးရုံစီမံခန့်ခွဲရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ KOICA မှ ဌာနေကိုယ်စားလှယ်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အသည်းရောင်အသားဝါ(စီ)ရောဂါပိုးစမ်းသပ်စစ်ဆေးသည့် Test Kit ၉၀၀၀ကို အမျိုးသားသွေးဌာနသို့လည်းကောင်း၊ Test Kit ၁၀၀၀ကို အသည်းရောဂါ အထူးကုဌာနသို့လည်းကောင်း လှူဒါန်းပေးအပ်ရာ **(အပေါ်ပုံ)** ဆေးရုံအုပ်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ကုန်သည်စက်မှုအသင်းချုပ်၏ အသင်းသားများ၊ အသင်းဝင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားပြီး အသင်းချုပ်အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား အတည်ပြုချက်ရယူ၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ သင်းဖွဲ့စည်းမျဉ်းကို ပြင်ဆင်ဖြည့်စွက် အတည်ပြုချက်ရယူသည်။

အမည်စာရင်းကြေညာ

ထို့နောက်ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ၂၀၀၆-၂၀၀၇ ခုနှစ် သက်တမ်းကာလအတွက် ကုန်သည်စက်မှု အသင်းချုပ်၏အကြံပေး ပုဂ္ဂိုလ်များအဖွဲ့ဝင် သုံးဦး၊ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့ ပါဝင်သော ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၂၅ ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၅၀ တို့၏ အမည်စာရင်းများကိုကြေညာသည်။

ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ဥက္ကဋ္ဌ ဦးဌေးမြင့်၊ အတွင်းရေးမှူး ဦးဘိုဆိုင် တို့ပါဝင်သော မြန်မာနိုင်ငံဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၂ ဦး၊ ဥက္ကဋ္ဌ ဦးအောင်မြင့်ထူး၊ အတွင်းရေးမှူး ဦးခိုင်မြင့်တို့ပါဝင်သော မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးရေးထုတ်လုပ်သူများ အသင်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၁၅ ဦး၊ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ အတွင်းရေးမှူး ဦးမြင့်ကြူတို့ ပါဝင်သော မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၉ ဦး၊ ဥက္ကဋ္ဌ ဦးတင်စိုးလင်း၊ အတွင်းရေးမှူးဦးအောင်ထွေးတို့ပါဝင်သော မြန်မာနိုင်ငံဥယျာဉ်ခြံမြေ သီးနှံစိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၁၄ ဦး၊ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ အတွင်းရေးမှူး ဦးအောင်သန်းဦးတို့ပါဝင်သော မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်၁၈ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အထောက်အကူဆွေးနွေးပွဲနှင့် ပုဇွန်တောင်မြို့နယ် အမှတ်(၉)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးတတိုင်းမွေး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက်က အမှတ်(၉)ရပ်ကွက်ရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်(၁) ဒုရဲမှူး ခင်မောင်သော်၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်ညိမ်းနှင့် အမှတ်(၉)ရပ်ကွက် ဥက္ကဋ္ဌ ဦးဌေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြု ရေဒီယိုအသံလွှင့်ဇာတ်လမ်းထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၇

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စိုးနောင်(ပေါက္ကံ)၏ ဝတ္ထုဇာတ်ညွှန်းကို ယဉ်ယဉ်လှ စီစဉ်ထုတ်လွှင့်လိုက်သည့် **'ချစ်သစ္စာဘယ်မပြေ ဂိမာန်ခါသည့်နွေဝယ်'** ရေဒီယိုအသံလွှင့်ဇာတ်လမ်းကို မတ် ၂၀ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ထုတ်လွှင့်မည်ဖြစ်သည်။

ပါဝင်သရုပ်ဆောင်

အဆိုပါ ဇာတ်လမ်း၌ ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင် မိုးပြည့်ပြည့်မောင်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့

စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါချီတက်လေ့ကျင့်

ရန်ကုန် မတ် ၁၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့်စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅ နာရီခွဲမှ ၉ နာရီအထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် တပ်ပါချီတက်လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း ဆက်လက်လေ့ကျင့်ကြသည်။

ယင်းသို့တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ညီထွန်း ဦးဆောင်၍ အရန်စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်အေး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ အရန်စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်မောင်ထူး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ အရန်စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မြင့်သိန်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ အရန် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဆန်းဦးလှိုင် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီ စစ်ကြောင်းနှင့် အရန်စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်အောင် ဦးဆောင်သည့်အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်ကြသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်မှုများကို နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

၁၀ရက်စခန်း ဝိပဿနာတရားအားထုတ်ပွဲ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ၌ (၃၅)ကြိမ်မြောက် ၁၀ရက်စခန်း ဝိပဿနာတရားအားထုတ်ပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားဘာဝနာပွားများအားထုတ်လိုသူ ယောဂီများသည် ဆွမ်းစရိတ် တစ်ရက်လျှင် ကျပ် ၁၀၀နှုန်းဖြင့် ကုသိုလ်ပါဝင်၍ ဧပြီ ၆ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

တရားစခန်းပွဲတွင် ကုသိုလ်ပြုလှူဒါန်းလိုသူများသည် အရုဏ်ဆွမ်း ကျပ်၂၅၀၀၀၊ နေ့ဆွမ်း ကျပ် ၄၀၀၀၀၊ အချိုပွဲနှင့် ညနေဖျော်ရည် ကျပ် ၅၀၀၀ နှုန်းဖြင့် တစ်နေ့တာအတွက် ကျပ် ၆၀၀၀၀ဖြင့်လည်းကောင်း လှူဖွယ်ပစ္စည်းများနှင့်အတူ ဖုန်း-၅၆၀၉၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၇

နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီကကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ အဋ္ဌမနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲဝင်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကထိက ဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက်ပြိုင်ပွဲကို ကျင်းပရာ မင်္ဂလာဒုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ ဦးစီ စုစုပေါင်းအသင်းဝင် ၇၅ ဦးတို့ ပြိုင်ပွဲဝင်ကြသည်။

အဆိုပါပြိုင်ပွဲကို မတ် ၁၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၈-၃-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။	**"မမှောင်သောအလင်း"** (အပိုင်း-၄)
၅:၂၅	၉။	Goal Show အစီအစဉ်
၅:၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။	**"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၃၂)
၆:၅၀	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၂၂)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	မြန်မာ့ရှုခင်း
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်ကသိုင်းလုလင်"** (အပိုင်း-၇)

✡ **ရှေ့ဖုံးမှ**

ရှေးဦးစွာ သဘာပတိအမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ဝန်ထမ်းများကျွေးမွေးဧည့်ခံရေးလုပ်ငန်းအဖွဲ့၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ အဆောက်အအုံ၊ ရေ၊ မီး၊ လေညှိစက်ပြင်ဆင်ထိန်းသိမ်းရေး ဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိအမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆွေးနွေးပြောကြား

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။
(သတင်းစဉ်)

● ***ကျော့ဖုံးမှ***

ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ညီလာခံကိုယ်စားလှယ်များ ရာခိုင်နှုန်းပြည့် တက်ရောက်ကြသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

အကြံပြုစာတမ်းဖတ်ကြား

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ အကြံပြုချက်စာတမ်းကို ဦးသိန်းထွန်းက ဖတ်ကြား၍လည်းကောင်း၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဦးစံသာအောင်က ဖတ်ကြား၍လည်းကောင်း သဘာပတိထံပေးအပ်ကြသည်။

ဆက်လက်၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ဦးအောင်သိန်း၊ ဦးထွန်းကျော်တို့၏ စုပေါင်းအကြံပြုချက်စာတမ်းကို ဦးအောင်သိန်းနှင့် ဦးထွန်းကျော်တို့က ဖတ်ကြားကြပြီး သဘာပတိထံလည်းကောင်း၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးလှစိုးပါ ခြောက်ဦးတို့၏ စုပေါင်းအကြံပြုချက်စာတမ်းကို ရွေးချယ်ခံကိုယ်စားလှယ် ဦးလှစိုးက ဖတ်ကြားပြီး သဘာပတိထံလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

တိုင်းရင်းသားလူမျိုး

ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို နံနက်၉နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ)ဦးထေးရယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ခေါင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၁၀ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့် အခြေခံမူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကရင်ပြည်နယ်မှ ဦးစောအုံးတင်၊ ကယားပြည်နယ်မှ ဒေါ်မေရီယန်၊ ပဲခူးတိုင်းမှ ဒေါ်ညွန့်ညွန့်ဝင်း၊ မကွေးတိုင်းမှ ဦးအိန်လင်း၊ ရှမ်းပြည်နယ်မှ ဒေါ်နန်းအေးတင့်နှင့် ရန်ကုန်တိုင်းမှ ဒေါက်တာခင်ရွှေတို့က အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က တက်ရောက်လာကြသူ ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ အကြံပြုချက်စာတမ်းကို အတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊အတတ်ပညာရှင်

ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဒေါက်တာ သိန်းညွန့်(ညွန့်ဝေ–ကသာ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးလှမြင့်နှင့် ဦးခင်ဇော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဒေါက်တာသိန်းညွန့်(ညွန့်ဝေ–ကသာ) က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းတွင် ပါဝင်သည့် နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကဏ္ဍကို ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ကလည်းကောင်း၊ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့် အာဏာကဏ္ဍ၊ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုအခွင့်အာဏာကဏ္ဍနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအခွင့်အာဏာကို ဒေါက်တာဦးခင်ဇော်က လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုကဏ္ဍတို့ကို ဒေါက်တာဦးလှသန်းကလည်းကောင်း အသီးသီးတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဒေါက်တာသိန်းညွန့် (ညွန့်ဝေ–ကသာ)က တက်ရောက်လာကြသူ ညီလာခံ ကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ အကြံပြုချက်စာတမ်းကို အတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၄ နာရီ မိနစ် ၂၀တွင် ရုပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်း

ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၁၀၉ဦးအနက် ကိုယ်စားလှယ်ပေါင်း ၁၀၇ဦး တက်ရောက်ကြသည့်အတွက် ၉၈ ဒသမ ၁၇ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အာဏာ ကဏ္ဍများကို နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ခြောက်ဦးတို့က အကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီ မိနစ်၅၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁၇

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မုဒုံမြို့ (ရှင်အရဟံအထက်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ၊ ဆရာမကြီး ၁၀၆ဦးတို့အား ပူဇော်ကန်တော့ပွဲကို ရှင်အရဟံခန်းမတွင် ဧပြီ ၃ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဦးမျိုးဝင်း OK မြန်မာလီမိတက် ရွှေဂုံတိုင် ရန်ကုန် ဖုန်း–၅၄၄၄၆၄၊ ၅၄၄၄၆၅၊ ဦးသန်းတင်အောင် ရန်ကုန် ဖုန်း–၆၆၂၂၆၃၊ ဒေါ်အိအိခက် ၂၈၀ ဝေဇယန္တာလမ်းမကြီး (၆)ရပ်ကွက် တောင်ဥက္ကလာ ဖုန်း–၅၆၁၃၇၉၊ ၀၉–၅၀၁၉၁၃၅နှင့် ဒေါက်တာတင်ရွှေ မင်းတန်းရပ် မုဒုံမြို့ ဖုန်း–၀၅၈–၇၁၀၆၂ တို့သို့ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ နှစ် (၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဖွင့်လှစ်ပြသရန် ပြခန်းများ၊ ပြကွက်များ ခင်းကျင်းပြသမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသမည့်ပြခန်းပြကွက်များကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၇

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ပြသရန် ပြခန်းပြကွက်များ ခင်းကျင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြိုဆိုနှုတ်ဆက်

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ညနေ၃နာရီတွင် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာရာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ညဏ်ထွန်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယ တပ်မတော်စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်စစ်သမိုင်းပြတိုက်မြေညီထပ်၌ ခင်းကျင်းပြသသွားမည့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်းများ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးပြခန်းကိုလည်းကောင်း၊ ပထမထပ်ရှိ တိုင်းစစ်ဌာနချုပ်များ၏ ပြခန်းများ၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု ပြခန်းများကိုလည်းကောင်း၊ ဒုတိယထပ်ရှိ ဝန်ကြီးဌာနများ၏ ပြခန်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြခန်းအလိုက်တာဝန်ခံများနှင့် ဒုတိယ တပ်မတော်စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းတို့က ရှင်းလင်းပြသကြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ညနေ ၅နာရီ ၁၅မိနစ်တွင် တပ်မတော်စစ်သမိုင်းပြတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

သုံးခွ-နံ့ယောစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း သုံးခွမြို့နယ် နံ့ယော ကျေးရွာတွင် ကျေးဇူးတော်ရှင် အရှင် စန္ဒာသူရိယ မဟာမြိုင်ဆရာတော်ကြီး ပြုပြင်တည်ထားခဲ့သော ရှေ့ဟောင်းသမိုင်းဝင် မဟာအတုလမန်အောင် ဆုတောင်းပြည့်စေတီတော်ကြီး၏သဓာသုကသုဝဏ္ဏဆတ္တာ ရွှေထီးတော်မြတ်ကြီး တင်လှူပွဲအောင်မြင်ခြင်း သုံးနှစ်မြောက် အထိမ်းအမှတ် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် မဟာသရဏဂုံတော်ကြီးနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်မှ လပြည့်ကျော် ၁ ရက်အထိ ခုနစ်ရက်တိုင် ကျောင်းတိုက်ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ ဉာဏာလင်္ကာရ ဦးဆောင်မှုဖြင့် မဟာမြိုင်ဆရာတော်ကြီး၏ တပည့်သားသမီးများဖြစ်ကြသော ဗိုလ်မှူးကြီးတင်သိန်းလူ (ငြိမ်း)၊ ဇနီးဒေါ်ခင်ခင်စုမိသားစုနှင့် အလှူရှင်များက စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

အာစရိယပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

ပြင်ဦးလွင်မြို့ ကြူးဇက် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၉ရက်(စနေနေ့)တွင် ပြင်ဦးလွင်မြို့ ပုလဲခန်းမ၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး ကျောင်းသား ကျောင်းသူဟောင်းများ ဆက်သွယ်လှူဒါန်းကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

၂၀၀၃-၂၀၀၄ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ကြသော ကြူးဇက်ရင်သွေးသားသမီးများ အမှတ်စာရင်း မိတ္တူ၊ ဓာတ်ပုံတို့ကို ဒေါက်တာရဲလင်းထက် ဖုန်း-၀၈၅-၂၁၆၂၅၊ ဒေါ်ကြည်ကြည်ဝင်းဖုန်း-၀၂-၈၈၅၇၃၊ Salim Swe Swe Than° ဖုန်း-၀၁-၂၄၃၈၇၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ညောင်ကန်အေးသာသနာ့ရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ် ၆ရှိ မဟာစည် ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၅)ကြိမ်မြောက် သင်္ကြန်ခါ ဝိပဿနာအထူးတရားအားထုတ်ပွဲ ၁၅ရက် စခန်းကို ဧပြီ ၃ရက်မှ ၁၇ရက်အထိကျင်းပမည်ဖြစ်သည်။ တရားဝင်လိုသူများ၊ ရဟန်းခံရှင်ပြုလိုသူများ၊ သီလရှင်ဝတ်လိုသူများ၊ အလှူဒါန လုပ်လိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ဒုလ္လဘရဟန်းသင်္ကန်း ပရိက္ခရာ တစ်ပါးအတွက် ကျပ် ၆၀၀၀၊ ရှင်သာမဏေ တစ်ပါးအတွက် ကျပ် ၄၀၀၀၊ နေ့ဆွမ်း တစ်ရက်လျှင် ကျပ် ၈၀၀၀၀၊ အရုဏ်ဆွမ်း တစ်ရက်အတွက် ကျပ် ၄၀၀၀၀၊ ဖျော်ရည်အလှူအတွက် ကျပ် ၅၀၀၀ စသည်ဖြင့် ဖုန်း- ၆၄၂၂၁၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၂၇ ရက်က အမက(၁)သဃ်န်းကျွန်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ဟိန်းသူဇော်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းသောင်းက ဆုချီးမြှင့်စဉ်။ (၀၅၂)

အခွန်ထမ်းပြည်သူများနှင့်ဆက်ဆံရာတွင် အဆင်ပြေချောမွေ့အောင်ဆောင်ရွက် ပြည်သူများက ချစ်ခင်ရင်းနှီးစွာဖြင့် အကူအညီတောင်းခံမှုရှိစေရန် ရိုးသားကြိုးစား

ရန်ကုန် မတ် ၁၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် စည်ပင်သာယာဝန်ထမ်းများ တွေ့ဆုံပွဲအခမ်းအနားကို မတ် ၇ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပု၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစန်းမောင်၊ ကော်မတီဝင်များဖြစ်ကြသော ဦးမြင့်သိန်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ အရာထမ်းများနှင့် အခြားအဆင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်**(အပေါ်ပုံ)**က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆောင်ပုဒ်ဖြစ်သော မန္တလေးမြို့သန့်ရှင်းရမည်၊ မန္တလေးမြို့သာယာလှပရမည်၊ မြို့နေလူထုစိတ်ချမ်းသာမှုရှိစေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အခွန်ထမ်းပြည်သူများနှင့်ဆက်ဆံရာတွင် အဆင်ပြေချောမွေ့စေရေး၊ ပြည်သူများက မိမိတို့ဝန်ထမ်းများအပေါ် ချစ်ခင်ရင်းနှီးအားကိုးစွာဖြင့် အကူအညီတောင်းခံလာနိုင်မှု ရှိစေရန် ရိုးသားကြိုးစား၍ အကျင့်စာရိတ္တကောင်းမွန်သောဝန်ထမ်းများဖြစ်စေရေး၊ တစ်ဦးချင်းအဆင့်အထိ တာဝန်သိသိ၊ သစ္စာရှိရှိနှင့် ပေးအပ်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်သော ဝန်ထမ်းဖြစ်စေရေးနှင့် မိမိတစ်ဦးတစ်ယောက် မလိမ္မာမှုကြောင့် ဌာနတစ်ခုလုံး နာမည်မပျက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ထိန်းသိမ်းသွားရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများသတ်မှတ်ထားသော ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရေး၊ အခက်အခဲများကို အဆင့်ဆင့်တင်ပြခြင်းဖြင့် ဖြေရှင်းဆောင်ရွက်သွားကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် မြို့တော်ဝန်က တက်ရောက်လာကြသော အရာထမ်းနှင့် အခြားအဆင့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍အားပေးစကားပြောကြားခဲ့ကြောင်းသိရသည်။**(မြို့တော်စည်ပင်)**

တနင်္သာရီတိုင်းကို နိုင်ငံတော်အားထားရသောတိုင်းအဖြစ် နိုင်ငံတော်အကြီးအကဲက မျှော်မှန်းထား အခြေအနေပေးသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ကြိုးစား ဌာနဆိုင်ရာဝန်ထမ်းများ စေတနာထား၍ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ မှာကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၁၇

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မတ် ၁၁ ရက်တွင် တနင်္သာရီတိုင်း မြိတ်မြို့ရှိ တိုင်းစစ်ဌာနချုပ်ခန်းမ၌ တနင်္သာရီတိုင်းမှ တိုင်းနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပြီး တနင်္သာရီတိုင်း၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်ငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တနင်္သာရီတိုင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးဌာန အသီးသီးမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နိုင်မှုအခြေအနေ၊ အကြီးအကဲများ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တိုင်းမှူးတင်ပြ

ထို့နောက်တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်တင်ပြရာတွင် တနင်္သာရီတိုင်း၏ စိုက်ပျိုးရေးကဏ္ဍ အဓိကရည်မှန်းချက်တာဝန်မှာ ဒေသဝမ်းစာဖူလုံရေး၊ ဆီအုန်းဧက ငါးသိန်း၊ ရော်ဘာဧကနှစ်သိန်းနှင့် ငရုတ်ကောင်းဧက ၂၆၀၀၀ တို့ကို ပြည့်မီအောင်စိုက်ပျိုးရေးတို့ ဖြစ်ကြောင်း။

ဒေသဝမ်းစာဖူလုံနိုင်

ယခုနှစ်တွင် မိုးစပါး၊ နွေစပါး ၃၅၃၇၄၇ ဧက စိုက်ပျိုးခဲ့ပြီး မိုးစပါး ၃၂၂၅၈၉ဧကမှ အထွက်နှုန်း ၆၅ဒသမ ၂၅တင်းနှင့် စပါးတင်း ၂၁၀ဒသမ၄၈ သိန်းထွက်ရှိခဲ့ကြောင်း၊ နွေစပါး၃၁၁၅၈ ဧကအနက် ဖေဖော်ဝါရီလကုန်အထိ ၃၂၀၇ ဧက ရိတ်သိမ်းပြီး ဖြစ်ကာ အထွက်နှုန်း ၆၇ဒသမ၇၀တင်းနှုန်းဖြင့် ၂၁၇၁၁၄ တင်း ထွက်ရှိခဲ့ပြီး ဖြစ်ကြောင်း၊ ရိတ်သိမ်းပြီးချိန်တွင် ၂၀ ဒသမ ၀၅ တင်း သိန်းထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားရှိပါကြောင်း၊ စုစုပေါင်းမိုးစပါး၊ နွေစပါး ၂၃၀ ဒသမ၉၉ တင်းသိန်းထွက်ရှိနိုင်မည်ဖြစ်ပြီး ဒေသဝမ်းစာ ဖူလုံနိုင်မည်ဟု ခန့်မှန်းထားရှိပါကြောင်း။

ဆီအုန်းဧကငါးသိန်းပြည့်မီရေး

အခြား ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် ဆီအုန်းဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေးအတွက် ကုမ္ပဏီအပေါင်း၊ အသစ် ၃၆ ခုသို့ မြေဧက ၁၄ဒသမ၈၁ သိန်း နေရာချထားပေးပြီးဖြစ်ကာ ဖေဖော်ဝါရီလကုန်အထိ ၁၃၁၅၁၈ဧက စိုက်ပျိုးပြီး ဖြစ်ပါကြောင်း၊ လာမည့် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက ၆၉၈၂၀ စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင် ၃၆ဒသမ ၀၈ သိန်း စုဆောင်းရရှိပြီးဖြစ်ကာ ၂၇၂၁၉ ဧက တောရှင်းပြီးစီးနေပြီဖြစ်ကြောင်း။

ရော်ဘာကို ယနေ့အထိ ၁၀၈၃၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါကြောင်း၊ ဧကနှစ်သိန်းပြည့်မီရေးအတွက် လာမည့်နှစ်တွင် ဧက ၉၇၀၀ တိုးချဲ့စိုက်ပျိုးရန်လျာထားပြီး ပျိုးပင် ၂၂ ဒသမ ၉ သိန်း စုဆောင်းရရှိပြီးဖြစ်ကာ ၃၇၁၂ ဧက တောရှင်းပြီးစီးနေပြီဖြစ်ပါကြောင်း၊ ၂၀၀၀–၂၀၀၁ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅၃၇၈ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

ငရုတ်ကောင်းဧက ယနေ့အထိ ၂၅၀၄၁ဧကစိုက်ပျိုးပြီး လာမည့်နှစ်တွင် ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

သတ္တုထုတ်လုပ်မှု

သတ္တုထုတ်လုပ်မှုအနေဖြင့်၂၀၀၀–၂၀၀၁ခုနှစ်နှင့်နှိုင်းယှဉ်ပါက ကျောက်မီးသွေး ၃၅၁၂၆၄ ဒသမ ၆၅မက်ထရစ်တန်၊ ပုလဲ ၁၁၇၉၉၄ ဒသမ ၂၈မိုမီ ပိုမို ထုတ်လုပ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရေထွက်ပစ္စည်း ထုတ်လုပ်မှုအနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ငါး၊ ပုစွန် စုစုပေါင်း ကုန်ချိန် ၆၆၃၅၈ဒသမ ၄၅တန် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

တနင်္သာရီတိုင်းအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးကဏ္ဍအသီးသီးတွင် အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေးအတွက် တာဝန်ရှိသူများ၊ဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများ အားလုံး ပြည်ထောင်စိတ်ဓာတ် အပြည့်အဝဖြင့် စုပေါင်းညီညာစွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းသို့ ရောက်ရှိလာခြင်းမှာ တိုင်း၏တင်ပြချက်စာရင်းဇယားများနှင့်အညီ အမှန်တကယ်တိုးတက်မှုရှိ မရှိနှင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးရန်ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် တိုးတက်သင့်သလောက် တိုးတက်လာသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထိုသို့ တိုးတက်လာခြင်းမှာ သက်ဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်သည်ဟုသုံးသပ်နိုင်ကြောင်း၊ ဆက်လက်၍ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာဒေသသို့ တိကျစွာ သွားရောက်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အပြင် အောက်ခြေအထိ ကွင်းဆင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် မြေသယံဇာတ၊ ရေသယံဇာတစသော သဘာဝအခြေခံကောင်းများရှိသဖြင့် မြန်မာနိုင်ငံ၏ အားထားရာတိုင်းကြီး တစ်တိုင်းဖြစ်လာမည်ဟု နိုင်ငံတော်အကြီးအကဲက မျှော်မှန်းထားသော တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း။

အစွမ်းကုန်ကြိုးစား

ထို့ကြောင့် တနင်္သာရီတိုင်းအနေဖြင့် နိုင်ငံတော်အကြီးအကဲက မျှော်မှန်းထားသည့်အတိုင်း ဖြစ်လာအောင် အခြေအနေပေးသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများသည် တာဝန်ကျေရုံသက်သက်သာ လုပ်ဆောင်နေရုံဖြင့် မရကြောင်း၊ မိမိတို့ ကျရာတာဝန်ကို စေတနာထား၍ ကျွမ်းကျင်ပိုင်နိုင်စွာ ကောင်းသည်ထက် ကောင်းအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်

ယခင်က တနင်္သာရီတိုင်းသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း၊ ယခုအခါ တနင်္သာရီတိုင်း တစ်တိုင်းလုံး လေကြောင်း၊ရေကြောင်း၊ကုန်းကြောင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း။

ထို့ကြောင့် ဌာနဆိုင်ရာဝန်ထမ်းများသည် နိုင်ငံတော်၏ တာဝန်များကို အလေးအနက်ထားဆောင်ရွက်ကြရမည့်အပြင် ဒေသ၏ အားနည်းချက်၊ အားသာချက်များကို စနစ်တကျ သုံးသပ်လေ့လာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူတို့အား စည်းရုံးဦးဆောင်၍ နမူနာကောင်းများပြသကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လာကြစေရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့်မှာကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြိတ်မြို့မှ ရေယာဉ်များဖြင့် ကတန်ကျွန်းရှိ ကျွန်းစုမြို့သို့ သွားရောက်ကြသည်။

အဆင့်ဆင့်တင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကျွန်းစုမြို့သို့ ဒေသဖွံ့ဖြိုးမှုအခြေအနေ၊ ဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးရမည့်အခြေအနေတို့ကို သိရှိဖြည့်ဆည်းပေးရန် ရောက်လာခြင်းဖြစ်ကြောင်း၊ ကျွန်းစုမြို့၏ ဖွံ့ဖြိုးတိုးတက်နေမှုကို ကျေနပ်အားရကြောင်း၊ ဆက်လက်၍လည်း မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ညီလက်ညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ဒေသဆိုင်ရာအာဏာပိုင်များနှင့်ဌာနဆိုင်ရာများက ဝိုင်းဝန်းညှိနှိုင်းရှာဖွေကြရန်ဖြစ်ကြောင်း၊ ဤဒေသ၏ လိုအပ်ချက်များကို အဆင့်ဆင့်တင်ပြကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့်မှန်ကန်သောဦးဆောင်မှု၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပြည်သူတို့၏ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ယခုအခါ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီးခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်လျက်ရှိသကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့အား ဒီမိုကရေစီအလေ့အကျင့်များ ကျင့်သားရအောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ကျွန်းစုမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ကဘင်းချောင်းကျေးရွာ၌ ကျင်းပသော ကတန်ကျွန်းပတ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ထို့နောက် ကျွန်းပတ်လမ်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ တနင်္သာရီတိုင်း စည်ပင်သာယာရေးဦးစီးဌာန တိုင်းညွှန်ကြားရေးမှူးဦးတင်အောင်၊ ကျွန်းစုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းညွန့်နှင့် ကဘင်းချောင်းကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က ကတန်ကျွန်းပတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကတန်ကျွန်းပတ်လမ်း အတိုင်း ဖြတ်သန်းလျက်ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကတန်ကျွန်းပတ်မြေသားလမ်းမှ ကျွန်းစုမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြကာ ကျွန်းစုမြို့မှ မြိတ်မြို့သို့ ရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

(သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း မရမ်းကုန်းမြို့နယ် အမက(၂)တွင်ကျင်းပ

ရန်ကုန် မတ် ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မရမ်းကုန်းမြို့နယ်ရုံးက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲကို မတ် ၁၅ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်းအမှတ်(၂)၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့် **(ဝဲပုံ)** နှင့် မရမ်းကုန်းမြို့နယ် ပညာရေးမှူး ဦးကျော်ဝင်းတို့က အမှာစကားပြောကြားပြီး သင်တန်းကြီးကြပ်ရေးကော်မတီဝင် မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသက်ထွန်းက သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မရမ်းကုန်းမြို့နယ် ဒေဝနိမ္မိကာရာမ်ကျောင်းမှ ဆရာတော် ဦးကုဏ္ဍလက ငွေပဒေသာပင် ကျပ်တစ်သိန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျပ်တစ်သောင်းတို့ကို မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လှူဒါန်းကြသည်။

တက်ရောက်

အဆိုပါစာကြည့်တိုက် ပညာဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၅)သို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြကြောင်း သိရသည်။ **(က–ပ)**

ပန်းတနော်မြို့နယ်အသင်း စတုဒိသာကျွေးမည်

ရန်ကုန် မတ် ၁၇

သမိုင်းဝင် ပန်းတနော်မြို့ ရွှေမြင်တင်စေတီတော်ကြီး ဗုဒ္ဓပူဇနိယဘုရားပွဲတော် ကျင်းပလျက်ရှိရာ ၁၃၆၆ ခုနှစ် တပေါင်းလပြည့်နေ့ (မတ် ၂၄ ရက်)တွင် ပန်းတနော်မြို့နယ်အသင်း (ရန်ကုန်)မှ စတုဒိသာထမင်းဟင်းလျာများဖြင့် ဒါနပြုလုပ်မည် ဖြစ်သည်။ ပန်းတနော်မြို့သို့ လိုက်ပါလိုသူများ လပြည့်နေ့ နံနက် ၆နာရီ ကားထွက်မည်ဖြစ်ရာ နံနက်၅နာရီခွဲအရောက် အသင်းတိုက်သို့လာရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အရည်အသွေး အဆင့်အတန်းမြင့်မားသော ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

ကမ္ဘာ့လူသားတို့သည် မိမိတို့စားဝတ်နေမှု အရေးသုံးပါးအတွက် လူနေမှုအဆင့်အတန်းမြင့်မားစွာ အဆင့်မြင့်နည်းပညာများကို အသုံးချ၍ ဈေးနှုန်းချိုပြီး အရည်အသွေးမြင့်မားသည့် လူသုံးကုန်ပစ္စည်းအစုစုတို့ကို တိုးတက်ထုတ်လုပ် အသုံးပြုကာ ထာဝရစိမ်းလန်းစိုပြည်သာယာလှပနေသော သဘာဝပတ်ဝန်းကျင်တွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်လိုကြပါသည်။ ထိုသို့ အဆင့်မြင့်မြင့် နေထိုင်စားသောက်နိုင်ရန်အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး စံချိန်စံညွှန်းမီသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို သဘာဝပတ် ဝန်းကျင် ယိုယွင်းမှုမရှိစေရန် ထိန်းသိမ်းကာကွယ်ရင်း ထုတ်လုပ်ဖော်ဆောင်သွားရန် အထူးလိုအပ်ပါသည်။

အရည်အသွေးထိန်းသိမ်းခြင်း

Quality အရည်အသွေးဟုဆိုရာ၌ ပုံသဏ္ဌာန်၊ အတွေ့အထိ၊ ကောင်းမွန်မှု၊ ပုံစံဒီဇိုင်းအစရှိသည့် တိတိကျကျတွေ့မြင်နိုင်ပြီး အသုံးပြုစွမ်းဆောင်နိုင်သော ပစ္စည်းမျိုးအပေါ်သတ်မှတ်သည့်အရည်အသွေးနှင့်စားသုံးသူ၊ ဝယ်ယူသူဆက်ဆံမှု လူမှုရေးကိစ္စများ ဆောင်ရွက်ခြင်းစသည့် ဝန်ဆောင်မှု (Service)နှင့် ပတ်သက်သည့် အရည်အသွေးဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။

အရည်အသွေးထိန်းသိမ်းခြင်း (QC) ၏အဓိပ္ပာယ်ကို "ဝယ်ယူသူ၏လိုအပ်ချက်နှင့်ကိုက်ညီသော အရည်အသွေးရှိသည့် ကုန်ပစ္စည်းများ၊ သို့မဟုတ် ဝန်ဆောင်မှုများကို ကုန်ကျစရိတ်အနည်းဆုံး၊ ကုန်ကျစရိတ် အထိရောက်ဆုံးဖြင့် ထုတ်လုပ်ပေးနိုင်သည့် နည်းလမ်းများပါရှိသည့် စနစ်တစ်ခုဖြစ်သည်"ဟု ဖွင့်ဆိုထားပါသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လူ့အဖွဲ့အစည်းသည်လည်း ခေတ်မီပြောင်းလဲလာသည်နှင့်အမျှ အရည်အသွေးထိန်းသိမ်းခြင်းသည် ပို၍ အရေးကြီးလာသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် မွန်ပြည်နယ်ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ၇ရက်နေ့က ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီးရှိ ပဒုမ္မာဆပ်ပြာစက်ရုံသို့ ရောက်ရှိစဉ်–

"ပဒုမ္မာဆပ်ပြာဈေးကွက်ကို ပုံမှန်ခိုင်ခိုင်မာမာရှိအောင် တည်ဆောက်သွားရမှာဖြစ်သည့်အပြင် သုံးစွဲသူအဆင့်အတန်းအလိုက် စိတ်ကြိုက်ဖြစ်စေမည့် အရည်အသွေးရှိသည့်ဆပ်ပြာအမျိုးမျိုးကို တိုးချဲ့ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ တစ်ချိန်၌ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည်အထိ အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးအစားစုံကို ထုတ်လုပ်နိုင်အောင် လိုအပ်သော အတတ်ပညာကို ရှာဖွေစုစည်းသွားကြရန်လိုကြောင်း၊ ဈေးကွက်၌လည်း အခြား ဆပ်ပြာများနှင့် ယှဉ်ပြိုင်၍ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးရောင်းချနိုင်ရန်စီစဉ်သွားကြရမှာဖြစ်ကြောင်း"

လမ်းညွှန်မှာကြားခဲ့သည်။

စံချိန်စံညွှန်းသတ်မှတ်ခြင်း

ကုန်ပစ္စည်း၊ သို့မဟုတ် ဝန်ဆောင်မှုအတွက် အရည်အသွေးအဆင့် (Quality Grade) ဖော်ညွှန်းရန်အတွက် လိုအပ်ချက်မှာ စံချိန်စံညွှန်း သတ်မှတ်ခြင်း (Standardization)ပင် ဖြစ်သည်။ မကြာခဏဆိုသလို တာဝန်ရှိပုဂ္ဂိုလ်များက တံတားကြီးများဆောက်လုပ်ရာတွင်လည်းကောင်း၊ လေယာဉ်ကွင်းများ တည်ဆောက်ရာတွင်လည်းကောင်း၊ ရေကာတာကြီးများ တည်ဆောက်ရာတွင်လည်းကောင်း သတိပေးပြောကြားသွားသည့်စကားမှာ "စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ကြရန်" ပင်ဖြစ်သည်။ စံချိန်စံညွှန်းသတ်မှတ်ရေးလုပ်ငန်းသည် မိမိတို့ထုတ်လုပ်သော ကုန်ပစ္စည်းအမျိုးအစား အဆင့်အတန်း ကောင်းမွန်မြင့်မားစွာ ကုန်ကျစရိတ်အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်စေရန် လည်းကောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ကျယ်ပြန့်စွာ ဝင်ရောက်ထိုးဖောက်၍ မိမိတို့ပစ္စည်းများကို တွင်ကျယ်စွာ ရောင်းချနိုင်ရန်အတွက်လည်းကောင်း၊ မိမိတိုင်းပြည်အတွက် ပြင်ပနိုင်ငံများမှ တင်သွင်းရသောကုန်ကြမ်း၊ ကုန်ချောပစ္စည်းများကို ဝယ်ယူတင်သွင်းရာတွင်လည်းကောင်း မိမိတို့သုံးလိုသည့် လုပ်ငန်းနှင့်အံဝင်ခွင်ကျအသုံးတည့်စေ၍ ပေးရသောငွေတန်ဖိုးနှင့် ကိုက်ညီအောင် ပစ္စည်းများရရှိရေးအတွက် လုပ်ဆောင်ရသောလုပ်ငန်းဖြစ်သည်။ စံချိန်စံညွှန်း သတ်မှတ်ရာတွင် နည်းပညာစံချိန်စံညွှန်း (Technology Standard)နှင့် ကိရိယာ စံချိန်စံညွှန်း (Instrument Standard) ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အဆင့်ဆင့်သတ်မှတ်ရန် လိုအပ်ပါသည်။

(၁) ကုမ္ပဏီမှ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ (Company Standardization)

(၂) အမျိုးသား စံချိန်စံညွှန်းသတ်မှတ်ခြင်း၊(National Standardization)

(၃) ဒေသဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ခြင်း (Regional Standardization)

(၄) ကမ္ဘာနှင့်အဝန်း ISO အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ရေးအသင်း၏ စံချိန်စံညွှန်း သတ်မှတ်ခြင်း (Global ISO - International Organization For Standardization)

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဦးတည်ချက်(၅)ရပ်တွင် တစ်ချက်ဖြစ်သော "စက်မှုထုတ်ကုန်များ၏အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေး"ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် နည်းပညာဆိုင်ရာဆပ်ကော်မတီများတွင် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့်အရည်အသွေးမြှင့်တင်ရေးဆပ်ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိရာ မြန်မာ့ထွက်ကုန်ပစ္စည်းများ၏ အရည်အသွေးသည် စံချိန်မီမှသာ ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေးမီ၊ စံချိန်စံညွှန်းမီ၊ ရောင်းတန်းမီ လူသုံးကုန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများကို ပြည်တွင်းပြည်ပတို့၌ ထုတ်လုပ်ယှဉ်ပြိုင် ရောင်းချနိုင်ပါမည်။

ဖွဲ့စည်းဖြစ်ပေါ်ပြီး စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့်တောင်ကြီး အေးသာယာစက်မှုဇုန်တို့၌ သံနှင့်သံထည်ပစ္စည်းများ၊ ကိုင်တွယ်မှုလုပ်ငန်းများ ခေတ်မီစေရန်နှင့် အရည်အသွေးမြင့်စေရန်အတွက် စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည့် ခေတ်မီသံရည်ကျိုပုံလောင်း၊ ပုံဖိ၊ သံခုတ်စားအလုပ်ရုံများကို နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ထူထောင် တည်ဆောက်လျက်ရှိသည်။ ထို့အပြင် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေး ဆပ်ကော်မတီအနေဖြင့် စက်မှုဇုန်များ၏ လက်တွေ့ဖြစ်ပေါ် တိုးတက်မှု အခြေအနေများကို အမြဲလေ့လာသုံးသပ်ပြီး ထုတ်ကုန်ပစ္စည်းများ အရည်အသွေး မြှင့်တင်ရေးအတွက် ထိရောက်စွာ လုပ်ကိုင် ဆောင်ရွက်သွားရပါမည်။

ဟိန်းထွန်း

နည်းပညာဆိုင်ရာအတားအဆီးများ

နိုင်ငံအသီးသီးသည် မိမိနိုင်ငံသားတို့၏ ကျန်းမာရေး ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်နိုင်ရန် စံချိန်စံညွှန်းများ ရေးဆွဲပြဋ္ဌာန်းကြသော်လည်း ယင်းစံချိန်စံညွှန်းများသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် သဟဇာတမဖြစ်ခြင်း၊ အရည်အသွေးကိုက်ညီမှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကွဲပြားခြင်းတို့သည် ကုန်သွယ်မှုတွင် နည်းပညာဆိုင်ရာ အတားအဆီး (TBT-Technical Barrier to Trade)များ ဖြစ်ပေါ်လာစေပါသည်။

၁၉၆၇ခုနှစ် ဩဂုတ်လ၈ရက်နေ့တွင် အရှေ့တောင်အာရှ နိုင်ငံငါးနိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံအသင်းကြီးသည် အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ (ACCSQ -ASEAN Consultative Committee for Standard and Quality)ကို ကုန်သွယ်မှုလုပ်ငန်းများတွင်နည်းပညာဆိုင်ရာတားဆီးခြင်း (TBT Technical Barrier to Trade)ကို ဖယ်ရှား၍ ဘုံအကျိုးသက်ရောက်သည့် အခွန်သက်သာခွင့် ဦးစားပေးခြင်း၊ (CEPT- Common Effective Preferential Tariff) အစီအစဉ်ကို အသုံးပြုလျက် အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုဒေသ (AFTA-ASEAN Free Trade Area)တည်ထောင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၉၂ ခုနှစ် အောက်တိုဘာလတွင် အာဆီယံစီးပွားရေးဆိုင်ရာဝန်ကြီးများ (AEM-ASEAN Economic Ministers) အစည်းအဝေး သဘောတူညီချက်အရ ဖွဲ့စည်းခဲ့ပါသည်။

ACCSQသည် ကုန်သွယ်မှုလုပ်ငန်းများတွင် နည်းပညာဆိုင်ရာ အတားအဆီးများ(TBT) ဖယ်ရှားရန်အတွက် အာဆီယံနိုင်ငံများအကြား ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းနှင့် အရည်အသွေးထောက်ခံလွှာ (Mutual Recognition Standard and Conformity Assessment) အမျိုးသား စံချိန်စံညွှန်းများသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် သဟဇာတဖြစ်ရေး (Harmonization on National Standards with International Standards) တို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ၁၉၉၇ခုနှစ် ဇူလိုင်လ၂၃ရက်နေ့တွင် အာဆီယံအသင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာရာ အာဆီယံ စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ (ACCSQ) တွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိက အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အရည်အသွေးအဆင့်အတန်းရှိလာရေးအတွက် အမျိုးသားစံချိန်စံညွှန်းအဖွဲ့၊ အမျိုးသားအသိအမှတ်ပြုအဖွဲ့များ ဖွဲ့စည်းတည်ထောင်ပြီး ယင်းအဖွဲ့မှသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဌာနအသီးသီးရှိ ဓာတ်ခွဲခန်းများကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခွင့်ပြုထားလျှင် မိမိ နိုင်ငံထုတ်ကုန်ပစ္စည်းများ စံချိန်မီကြောင်း ကမ္ဘာ့အလယ်တွင် အတည်ပြုပေးနိုင်ခြင်းဖြင့် ဖွံ့ဖြိုးမှုလမ်းကြောင်းမှန်ပေါ်သို့ရောက်ရှိကာ အမျိုးသား အကျိုးစီးပွားကို ထိရောက်စွာကာကွယ်နိုင်ပါမည်။မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဆပ်ကော်မတီတစ်ခုဖြစ်သော စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးဆပ်ကော်မတီအနေဖြင့် ACCSQနှင့်ပူးပေါင်းဆောင်ရွက်ပါက စက်မှုဇုန်များမှ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရေးအတွက် အထောက်အကူပြုပေးနိုင်ပါမည်။

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်သွယ်မှုတွင် နည်းပညာဆိုင်ရာ အတားအဆီးများကို ဖယ်ရှားနိုင်ရန် ဖွဲ့စည်းထားသည့် အာဆီယံ စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ ACCSQသည် အာဆီယံအဖွဲ့ဝင်မဟုတ်သည့် အခြားနိုင်ငံများနှင့်လည်း အဆိုပါအတားအဆီးများကို ဖယ်ရှားနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်သည့်နိုင်ငံများမှာ ACCSQ- CER (Closer Economic Relation) ဖြစ်သည့် ဩစတြေးလျ၊ နယူးဇီလန်နှင့် ပူးပေါင်းဆောင်ရွက်မှု ACCSQ-KOREA Cooperation ကိုရီးယား၊ ACCSQ- JAPAN Cooperation ဂျပန်၊ ACCSQ- EU Cooperation ဥရောပသမဂ္ဂ၊ ACCSQ-US Cooperation အမေရိကန်တို့ဖြစ်ပြီး စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများပြုလုပ်ခြင်း၊ နည်းပညာဖြန့်ဝေခြင်းဖြင့် ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်မှုများ မပြတ်ပြုလုပ်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားသော (BIMST - EC) ဘင်းမ်စတက်ကုန်သွယ်ရေး လွယ်ကူချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့တွင်လည်း စံချိန်စံညွှန်းနှင့် အရည်အသွေးကိုက်ညီမှု ဆန်းစစ်ခြင်းကဏ္ဍ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် ဆေးဝါးနှင့်အလှကုန်ပစ္စည်းအတုများအန္တရာယ်၊ လျှပ်စစ်ပစ္စည်းများ၊ အရည်အသွေးအဆင့်အတန်းမမီသဖြင့် မီးလောင်မှု၊ ဓာတ်လိုက်မှုဖြစ်ပွားမည့် အန္တရာယ်များရှိနေပါသည်။ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာများ ကိုက်ညီသတ်မှတ်လုပ်ဆောင်သွားပြီး ပြည်သူတို့၏ ဘေးကင်းလုံခြုံစိတ်ချရေးနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဆေးဝါး၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်ကဲ့သို့သော ထုတ်ကုန်၊ သွင်းကုန်ပစ္စည်းများ၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ရန် စစ်ဆေးကြပ်မတ်၍ အရည်အသွေးကိုက်ညီမှုမရှိလျှင် ဥပဒေအရ ခွင့်မပြုခြင်းဖြင့် စားသုံးသူပြည်သူများ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပြီး ကျန်းမာသက်ရှည်သည့် လူမှုဘဝကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

အရည်အသွေးပြည့်စီမံခန့်ခွဲမှု(TQM)

ထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးအဆင့် (Quality Grade) ပြည့်မီစေရန်အတွက် လိုအပ်ချက်မှာ စံချိန်စံညွှန်း သတ်မှတ်ခြင်း (Standardization) ပြုလုပ်ပြီး စီမံခန့်ခွဲမှုအတွေးအခေါ်ဟောင်းများကိုပြောင်းလဲကာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စီမံထုတ်လုပ်ဖြည့်ဆည်းခြင်းဖြင့် ကုမ္ပဏီတစ်ခုလုံးသည် အရည်အသွေးပြည့်စီမံခန့်ခွဲမှု (TQM Tatal Quality Management)ဟူသောနည်းပညာကိုအကောင်အထည်ဖော်ရန်လိုအပ်ပါသည်။

အရည်အသွေးပြည့် စီမံခန့်ခွဲမှု (TQM) ကို တက်တက်ကြွကြွကျင့်သုံးခြင်းသည် သုံးစွဲသူများ လိုအပ်ချက်နှင့် ကိုက်ညီမည့် အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ်မှုအတွက် ထိရောက်၍ စီးပွားရေးအရ တွက်ချေကိုက်သော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ စီးပွားရေး နယ်ပယ်ပေါင်းစုံတွင် ထုတ်လုပ်သူများသာမက ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းပေါင်းစုံတွင်လည်း(TQM)လုပ်ငန်းများကို စတင်ကျင့်သုံးနေပါသည်။

TQMစီမံကိန်းကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ စီမံကိန်းကာလမှာ၂၀၀၀ပြည့်နှစ် ဧပြီလ ၁ ရက်မှ ၂၀၀၅ခုနှစ် မတ်လ၃၁ရက်အထိငါးနှစ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဂျပန်စံချိန်စံညွှန်းအဖွဲ့ (Japanese Standards Association-JSA)နှင့် ပူးပေါင်း၍ TQM Seminar လေးကြိမ်ပြုလုပ်ပေးခြင်း၊ နမူနာစံပြကုမ္ပဏီအဖြစ် Toyo Battery Co. နှင့် Top Detergent စက်ရုံနှစ်ခုအားရွေးချယ်၍ JSAမှ ကျွမ်းကျင်ပညာရှင်နှစ်ဦးသည် TQMစနစ်ကျင့်သုံးပုံကို TQMလက်စွဲစာအုပ် ၂၁အုပ်ဖြင့် သင်တန်းခုနစ်ကြိမ် တစ်ကြိမ်လျှင်တစ်လကြာပို့ချခဲ့ခြင်းနှင့် နမူနာပြ ကုမ္ပဏီများမှ အရာရှိလေးဦးအပါအဝင် ဂျပန်နိုင်ငံသို့မြန်မာပညာတော်သင်များ စေလွှတ်လေ့ကျင့်ပေးခြင်းတို့ လုပ်ဆောင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်သော်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အခြေခံပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ သာယာလှပနေသော သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုမရှိစေဘဲ စားသုံးသူပြည်သူများ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်သည့် အရည်အသွေးအဆင့်အတန်းမြင့်မားသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အရည်အသွေးပြည့် စီမံခန့်ခွဲမှု (TQM) ကို တက်တက်ကြွကြွ ကျင့်သုံးခြင်းသည် သုံးစွဲသူများ လိုအပ်ချက်နှင့် ကိုက်ညီမည့် အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ်မှုအတွက် ထိရောက်၍ စီးပွားရေးအရ တွက်ချေကိုက်သော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ စီးပွားရေး နယ်ပယ်ပေါင်းစုံတွင် ထုတ်လုပ်သူများသာမက ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းပေါင်းစုံတွင်လည်း (TQM) လုပ်ငန်းများကို စတင် ကျင့်သုံးနေပါသည်။

ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူ မစ္စတာ ကန်တသီဆူဖာမုန်ခွန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

မိုးကုတ်မြို့ ဖောင်တော်ဦးမြတ်စွာဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၁၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကုတ်မြို့ ဖောင်တော်ဦးမြတ်စွာဘုရား၏ (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ (မတ် ၂၀ ရက်မှ ၂၄ ရက်အထိ) ကျင်းပမည်ဖြစ်ရာ ဘုရားပွဲတော်ကြီးတွင် ဘုရားဖူးလာပြည်သူများအား တည်းခိုဆောင်၊ ရေမီးအစုံအလင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျော်ရတနာအနုပညာအင်အားသစ်ဇာတ်ပွဲ၊ နေ့အငြိမ့်၊ မော်ကွန်းရုပ်ရှင်၊ ဇာတ်လမ်းရုပ်ရှင်၊ ပလောင်ရိုးရာစည်တော်ပြိုင်ပွဲ၊ အားကစားပြိုင်ပွဲမျိုးစုံတို့ဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲတော်ရက်အတွင်း ဈေးဆိုင်များရောင်းချလိုသော ရပ်ဝေးရပ်နီး ဈေးသည်အသစ်၊အဟောင်းတို့သည် တပေါင်းလဆန်း ၁ ရက် နောက်ဆုံးထား၍ ဆိုင်ခန်းကော်မတီသို့ သတင်းပို့အကြောင်းကြားကြရန်နှင့် ဆိုင်ခန်းများကို တပေါင်းလဆန်း ၅၊၆၊၇ ရက်များတွင် နေရာချထားပေးမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံ သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၂/၂၀၀၄-၂၀၀၅) ဆင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များကို စိတ်ပါဝင်စားသူများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၆၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို တာမွေပလာဇာဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်

ရန်ကုန် မတ် ၁၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ တာမွေမြို့နယ် သမိန်ဗရမ်းလမ်းရှိ တာမွေပလာဇာဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ ရက် နံနက် ၈ နာရီခွဲက အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ရှေးဦးစွာ တာမွေပလာဇာ မန်နေဂျင်းဒါရိုက်တာ ဦးမိုက်ကယ်ညွှန့်က တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့အား ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာမွေပလာဇာ မန်နေဂျင်းဒါရိုက်တာ ဦးမိုက်ကယ်ညွှန့်တို့က ပလာဇာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပလာဇာအတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

တာမွေပလာဇာသည် ရန်ကုန်မြို့ တာမွေမြို့နယ် သမိန်ဗရမ်းလမ်းပေါ်၌ တည်ရှိပြီး ဆိုင်ခန်းပေါင်း ၁၃၄ ခန်းပါရှိသည့် ခေတ်မီအဆင့်မြင့် ကိုးထပ်အဆောက်အအုံဖြစ်သည်။ အဆောက်အအုံအတွင်း ဓာတ်လှေကား လေးစင်း၊ စက်လှေကား ခြောက်စင်း တပ်ဆင်ထားပြီး နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပလာဇာမြေညီထပ်ရှိ ဆိုင်ခန်း ၃၂ ခန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြီးမြောက်ခြင်းလက်မှတ်ပေးအပ်

မတ် ၃ ရက်က အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်း လှိုင်မြို့နယ်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးက စတုတ္ထတန်း ကျောင်းသားမောင်ဇေယျမိုးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (၃၄၉)

မြန်မာ့ရုပ်မြင်သံကြား

၁၈-၃-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓ ဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ဆင်ဖြူရှင်တံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၀ ၅။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄-ခုနှစ်)
- ၁၇:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရူပဗေဒ)
- ၁၇:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၄၅ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၅၅ ၁၀။ **"မင်းမသိသေးပါဘူးကွာ"** ဈေး၊ငှက်ပျောကြော်၊ချစ်စရာ၊ ကြူကြူသင်း၊အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၈:၀၅ ၁၁။ Discovery
- ၁၈:၁၅ ၁၂။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၁၆)
- ၁၉:၃၀ ၁၆။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၅ ၁၇။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာရုပ်ရှင် **'နှောင်းတမြေ့မြေ့'** (အပိုင်း-၂) စိုးသူ၊ရန်အောင်၊ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-သက်မောင်မောင်)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ရေစကြိုမြို့နယ် ကန်သစ်ကျေးရွာ ရွှေမုဋ္ဌောစေတီတော် ရွှေထီးတော်တင်လှူပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

မကွေးတိုင်း ရေစကြိုမြို့နယ် ကန်သစ်ကျေးရွာ၌ သီရိမင်္ဂလာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကို ကန်သစ်ကျေးရွာ သာသနမဉ္ဇူ ရွာဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇဝနက ဦးဆောင်၍ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ကုသိုလ်ရှင် အပေါင်းတို့က တတိယအကြိမ် စုပေါင်း မွမ်းမံပြုပြင် ပြီးစီးပြီဖြစ်ရာ စိန်ဖူးတော်နှင့် ရွှေထီးတော်တင်နှင့် အနေကဇာတင် မင်္ဂလာအခမ်းအနားကို ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက် (ဧပြီ ၃ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဝေန်မြစ်အတွင်း လှောင်အိမ်စနစ်ဖြင့် မွေးမြူသည့် ငါးတန်အသားတိုး မွေးမြူရေးစခန်း တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၇

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေလိုက်ပါလျက် မတ်၁၄ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့ ငဝန်မြစ်အတွင်း လှောင်အိမ်စနစ်ဖြင့် မွေးမြူဆောင်ရွက်လျက်ရှိသည့် ယုဇနအုပ်စုမွေးမြူရေးကုမ္ပဏီ၏ ငါးတန်အသားတိုး မွေးမြူရေးစခန်းသို့ ရောက်ရှိပြီး လှောင်အိမ်အမှတ်(၁)နှင့် အမှတ်(၂)ရှိ ၂၇၂ရက်သား ငါးတန်ငါးများ၏ ကြီးထွားနှုန်း ကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပုသိမ်မြို့ အပင်နှစ်ဆယ်ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မျိုးကြက်ခြံနှင့် ကြက်သားပေါက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းသို့ရောက်ရှိပြီး ဒေသအတွင်း လိုအပ်သော အသားတိုးကြက်ငယ်မျိုးများ ရာနှုန်းပြည့် ဖြန့်ဖြူးပေးနိုင်မှု အခြေအနေ၊ မွေးမြူရေးနည်းပညာ၊ အစာနှင့်ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြချက်အပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ မျိုးကြက်ဥများ ရွေးချယ်ထားမှု၊ မျိုးသန့်ကြက်သားပေါက်နှင့် မျိုးသန့်မျိုးကြက်များ မွေးမြူထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွန်းလွဲပိုင်းတွင် ကျုံပျော်မြို့နယ် အင်းရဲကြီးအင်းသို့ ရောက်ရှိပြီး အင်းပတ်ဝန်းကျင် သဘာဝဂေဟစနစ် မပျက်သုန်းစေရေး၊ လက်ရှိသားပေါက်ထည့်သည်ထက် ငါးသန်၊ ငါးဖျန်း၊ အဆင့်သားပေါက်များ ထည့်သွင်းမွေးမြူရေး၊ အင်းရဲကြီး အင်းမှထွက်ရှိသော မျိုးကောင်း မျှင်ငါးပိ ထုတ်လုပ်သည့် ငွေးမျှင်ကောင်များ (Zooplankton) မျိုးသုဉ်းမသွားစေရေးအတွက် ဖမ်းဆီးမှု အစီအစဉ်စနစ်တကျ ဆောင်ရွက်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်သည့် အင်းငါးဖမ်းလုပ်ငန်းတွင် အင်းရေလုပ်သားများ၏ လူနေမှုဘဝတိုးတက်စေရေးအတွက် ဂရုပြုဆောင်ရွက်ပေးရေးတို့ကို မှာကြားကာ အင်းလုပ်သားများ၏ စုပေါင်းငါးဖမ်းခြင်းဆောင်ရွက်နေမှု၊ သဘာဝ အင်းရေပြင်တွင် ယင်းကာ၍ ငါးမွေးမြူဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှားခဲကြီး အင်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျုံပျော်မြို့နယ် ရှားခဲကြီး အင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် အင်းငါးကုန်တက် တိုးတက်စေရေး မှာကြားသည်။

ဒူးယားအင်း

ဝန်ကြီးသည် ညနေပိုင်းတွင် ဟသ်ာတမြို့နယ် ဒူးယားအင်းသို့ ရောက်ရှိပြီး ဒူးယားအင်းအနေဖြင့် ရှားပါးသဘာဝရေနေပင်များ ထူးခြားစွာ ပေါက်ရောက်နေသည့်အတွက် နိုင်ငံတကာမှ လာရောက်လေ့လာနေရကြောင်း၊ ထိုရေနေပင်များ မပျက်စီးစေရေးနှင့် အင်းငါးဖမ်းလုပ်ငန်းကို သဟဇာတဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အင်းရေဝင်၊ရေထွက်ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်၍ အင်းရေညစ်ညမ်းမှု၊ အဆိပ်အတောက်ဖြင့် ငါးဖမ်းဆီးမှု လုံးဝမဖြစ်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အန္တရာယ်ဖြစ်စေနိုင်သည့် အပင်များ အင်းရေပြင်အတွင်း မရှိစေရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး အင်းရေပြင် တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိ ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသော သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဝန်ထမ်းမိသားစု၏ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် ဒုတိယနာယကချုပ်ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (သမဝါယမ)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သံဃာတော်များ သမဝါယမဦးစီးဌာန ဝန်ထမ်းမိသားစု တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၁၇

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီးတို့အား အမှူးထား၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သံဃာတော် အပါး၄၅၀ တို့အား သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းနှင့် တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မတ်၁၄ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ အဆိုပါ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိ၊ သမဝါယမဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ် ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ဒုတိယ နာယကချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဉတ္တမထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နာယကချုပ် ဆရာတော်အား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ စာသင်စာချ ဆရာတော် သံဃာတော်အပါး ၄၅၀တို့အတွက် သမဝါယမ ဝန်ကြီးဌာန သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး မိသားစုများက လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူတော် ငွေကျပ်နှစ်သိန်းနှစ်သောင်းကို ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းနှင့်ဇနီးတို့က ပေးအပ် လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဦးက လက်ခံရယူသည်။

ရေစက်သွန်းချ အမျှဝေ

ထို့နောက် ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဉတ္တမထံမှ သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ဆွမ်းဆက်ကပ်

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်များ၊ စာသင် စာချသံဃာတော်များအား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တာဝန်ရှိသူများက တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်လည်ပေးအပ်

မတ် ၄ ရက်က ရွှေပြည်သာမြို့နေ ဦးချမ်းစိန်-ဒေါ်ဂင်ပိုမိသားစု (ရွှေဝယ်သီရိ) စတိုးဆိုင်က နာရေးကူညီမှုအသင်း (ရွှေပြည်သာ) သို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြတ်ဝေနှင့် တွဲဖက်အတွင်းရေးမှူး ဦးချစ်သင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲ ပေါက်ခေါင်းမြို့နယ်မစိုးရိမ်ကျေးရွာတွင် ကျင်းပ

ရန်ကုန် မတ် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် မစိုးရိမ်ကျေးရွာတွင် ၅၀ ကေဗွီအေ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို မတ် ၁၄ရက် နံနက် ၈နာရီက အဆိုပါကျေးရွာရှိ စက်ရုံရှေ့ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားတွင် ပေါက်ခေါင်းမြို့နယ်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ဖွင့်လှစ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ဖွင့်လှစ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးငွေမောင်းက စက်ရုံနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်းကောင်း အသီးသီး ရှင်းလင်း တင်ပြကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြည်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေး၊ ပေါက်ခေါင်းမြို့နယ်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးငွေမောင်းတို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက စက်ခလုတ်နှိပ်၍ ကျေးရွာသို့ လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်ဖြန့်ဖြူးပေးပြီး တာဝန်ရှိသူများနှင့်အတူ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဖွင့်

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး (နယ်မြေတာဝန်ခံ) ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ယမန်နေ့နံနက် ၉နာရီက သဃ်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည့် အခြေခံစည်းရုံးရေး သင်တန်း အမှတ်စဉ်(၃၄/၃၅)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အသင်းဝင် အဆိုပြုလွှာ အစောင် ၁၁၇၀ နှင့် အလှူရှင်များ၏ အလှူငွေများကို လက်ခံသည်။ အဆိုပါအခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်း၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်း သားသင်တန်းသူ ၁၈၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အတွင်းတောင်ကိုးလုံး ဆရာတော် ဘဒ္ဒန္တဇာဂရ တရားပွဲ

ရန်ကုန် မတ် ၁၇

ပဲခူးမြို့နယ် အင်းတကော် အတွင်း တောင်ကိုးလုံး ဆရာတော် အရှင်ဇာဂရ(ဓမ္မာစရိယ ဥဘတော ဝိဘင်္ဂရေ ပိဋကတ္တယပါရဂူ မဟာဝိဇ္ဇာ အိန္ဒိယ)သည် မတ်၁၉ရက်မှ ၂၅ရက် အထိ မုံရွာမြို့ နန္ဒဝန်ရပ် မဟာ စည်တရားစခန်းပွဲ၊ ၂၆ရက်မှ ၃၀ရက် အထိ ယင်းမာပင်မြို့နယ် နိဗ္ဗူ တောရွာ မြတ်မွန်ကျောင်း တရား စခန်းပွဲ၊ ဧပြီ ၁ရက်မှ ၃ ရက်အထိ ပုလဲမြို့နယ် အိုင်းရောင်းရွာ၊ ၇ရက်မှ ၁၇ ရက်အထိ ပဲခူးမြို့နယ်အတွင်း တောင်ကိုးလုံး စိတ္တသုခ တပ်ဦးကျောင်း တရားစခန်းပွဲ၊ ၁၄နှင့် ၁၅ရက်ညတွင် ပဲခူးမြို့သစ် ဘုရင့်နောင်လမ်းသရက်တောရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံတို့၌ ညစဉ် နိဗ္ဗာန်ရောက်ကြောင်း သတိ ပဋ္ဌာန် တရားပွဲများ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ဘာရိန်းဘုရင့်ဖလား (ယူ–၂၁)ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်နှင့်လာအိုလူငယ် ယနေ့ကစားမည်

ရန်ကုန် မတ် ၁၇

၂၀၀၅ ခုနှစ် ဒုတိယအကြိမ် ဘာရိန်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်အဖြစ် မတ်၁၈ရက်**(ယနေ့)** မွန်းလွဲ၂နာရီခွဲတွင် ဘာရိန်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ မြန်မာလူငယ်အသင်းနှင့် လာအိုလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အုပ်စု(ခ)တွင် တစ်သင်းလျှင် နှစ်ပွဲစီကစားပြီးဖြစ်ရာ မြန်မာလူငယ်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ လာအိုလူငယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ ဘာရိန်းလူငယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ် ရရှိထားပြီး စင်ကာပူလူငယ်အသင်းက နှစ်ပွဲရှုံး အမှတ်မရသေးပေ။

မြန်မာလူငယ်အသင်းသည် အသားတင် ၁၂ ဂိုးသွင်းယူထားရာ အုပ်စုတက်ရန်သေချာလျက်ရှိပြီး လာအိုလူငယ်အသင်းကို သရေကစားရုံမျှဖြင့် အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်မည်ဖြစ်သည်။

မြန်မာလူငယ်အသင်းသည် စင်ကာပူလူငယ်အသင်းကို ခြောက်ဂိုး–ဂိုးမရှိ၊ ဘာရိန်းလူငယ်အသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာလူငယ်အသင်းအတွက် ရန်ပိုင်နှင့် မာလက သုံးဂိုးစီ၊ ဆန်းဒေးသိန်းက နှစ်ဂိုး၊ ဇော်ဇော်၊ ကျော်သူရ၊ စိုးလင်းထွန်းနှင့် ခင်မောင်ထွန်းတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။

(မြန်မာ့အလင်း)

အုပ်စု(ခ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
မြန်မာ	၂	၂	–	–	၁၂	–	၆
လာအို	၂	၁	–	၁	၁	၁	၃
ဘာရိန်း	၂	၁	–	၁	၁	၆	၃
စင်ကာပူ	၂	–	–	၂	–	၇	၀

စာအောင်သံဃာတော်များ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာရမဟာထေရ်ဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲနှင့် ဆရာတော်ကြီး၏ တပည့်များဖြစ်သော သာသနဓဇ ဓမ္မာစရိယဘွဲ့ရ အရှင်တေဇနနှင့် ငယ်၊ လတ်၊ ကြီး စာအောင်သံဃာတော် အရှင်မြတ်များ ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၅ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပပူဇော်မည်ဖြစ်ရာ တပည့်ယောဂီများ ကြွရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာအောင်ကျော်မြင့်သည် မီးသတ်ဦးစီးအရာရှိများဖြစ်ကြသော ရဲကျော်သူရဲဗလရဲသူရကျော်မင်း၊ ဦးလှထွန်းတို့နှင့်အတူ မတ်၁၁ ရက်က လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဆေးရုံကြီး၏ မီးစက်မောင်းနှင်ရာတွင်အသုံးပြုရန်အတွက် ဒီဇယ်ဆီ ဂါလန်နှစ်သိန်းဆံ့ ဆီတိုင်ကီ တည်ဆောက်နေမှုကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ရှင်းလင်းပြသ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများဖြစ်ကြသော ဦးအောင်ဇင်ညွန့်နှင့်ဦးခင်စိုးတို့က ဆီသိုလှောင်တိုင်ကီ ဆောက်လုပ်ထားရှိမှုအနေအထား၊ မီးဘေးကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှု၊ မီးလောင်မှုစတင်ဖြစ်ပွားပါက ကျယ်ပြန့်ကြီးမားမှုမဖြစ်စေရန် ထိန်းသိမ်းထားနိုင်ရေးတို့ကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(က–ပ)**

မီး သတိပြု

အေစီမီလန်နှင့် ချယ်လ်ဆီး ချန်ပီယံလိဂ်ဖလားချိန်ရွယ်နိုင် ရီးရဲမက်ဒရစ်အသင်း ဆုဖလားများနှင့်ပို၍ဝေးခဲ့ရပြီ

လန်ဒန် မတ် ၁၇

ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သော သီတင်းပတ်က ဂျူဗင်တပ်အသင်းကို ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံလိဂ်မှ ထွက်သွားခဲ့ပြီဖြစ်ရာ ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဖလားကို အေစီမီလန် သို့မဟုတ် ချယ်လ်ဆီး ဗိုလ်စွဲလိမ့်မည်ဖြစ်ကြောင်း ဒေးဗစ်ဘက်ဟမ်းက ပြောကြားလိုက်သည်။

အထူးသဖြင့် အေစီမီလန်အသင်း ဗိုလ်စွဲလိမ့်မည်ဟု ထင်မြင်ကြောင်း၊ ၎င်းအသင်းသည် တောင့်တင်းခိုင်မာသော အသင်းတစ်သင်းဖြစ်ကြောင်း၊ ရှေ့တန်း၊ အလယ်တန်းများ ကောင်းသလို နောက်တန်းမှ ကာဖူးနှင့် မာဒီနီတို့လည်း ခြေစွမ်းပြနေကြကြောင်း ဘက်ဟမ်းက ပြောကြားသည်။

ထို့အတူ အင်္ဂလန်မှ ချယ်လ်ဆီးအသင်းသည်လည်း အဆိုပါဖလား၏ အဓိကပြိုင်ဘက်ဖြစ်ကြောင်း၊ ချယ်လ်ဆီး၏ လူငယ်မန်နေဂျာမော်ရင်ဟိုကလည်း ယုံကြည်မှုအပြည့်အဝရှိပြီး အသင်းသားများအပေါ် ဩဇာရှိသူဖြစ်လာကြောင်း၊ အလွန်ကောင်းသော ကစားသမားများ ခြေစွမ်းထက်လာကြောင်း၊ အင်္ဂလိပ်ဘောလုံးသမားတချို့ပင်လျှင် ချယ်လ်ဆီးတွင် အလွန်တော်သည့် ကစားသမားများဖြစ်လာကြောင်း ၎င်းကပြောကြားသည်။

ရီးရဲမက်ဒရစ်အသင်းသည် တနင်္ဂနွေနေ့က ဂီတာဖေးကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့ပြီးနောက် စပိန်လာလီဂါတွင် ထိပ်ဆုံးရောက် ဘာစီလိုနာနောက်မှ ၁၁မှတ်အကွာဖြင့် လိုက်နေရသည်။

ရီးရဲမက်ဒရစ်တို့၏ စပိန်လာလီဂါဖလားရရှိရေး ရည်မှန်းချက်မှာလည်း ပို၍မှေးမှိန်လာပြီဖြစ်သည်။ ချန်ပီယံလိဂ်ဖလားနှင့်လည်း ဝေးခဲ့ရပြီဖြစ်သည်။

"တကယ်တော့ ကျွန်တော် ရီးရဲမက်ဒရစ်အသင်းနှင့်အတူဖလားများစွာရယူလိုကြောင်း၊ သို့ရာတွင် ဘာစီလိုနာကို လိုက်မီရန် အခွင့်အလမ်းနည်းသွားပြီဖြစ်ကြောင်း၊ လာလီဂါဖလားနှင့် ကျွန်တော်တို့ဝေးခဲ့ပြီဖြစ်ကြောင်း" ဘက်ဟမ်းက ပြောကြားလိုက်သည်။

ရီးရဲမက်ဒရစ်ကဲ့သို့ အသင်းသည် ဖလားများရရန်လိုအပ်ကြောင်း၊ ယခုနှစ်ဘောလုံးရာသီတွင် မည်သို့မျှ မတတ်နိုင်တော့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲကို အစ္စတန်ဘူလ်မြို့၌ မေလတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ရိုက်တာ)

ကမ္ဘာ့ တစ်လွှား အားကစား

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ပွဲစဉ်များကစား နယူးကာဆယ်နှင့် အယ်လ်ခမာတို့အနိုင်ရပြီး ကွာတားတက်ရောက်

ဘူချာရက် မတ် ၁၇

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ဘောလုံးပြိုင်ပွဲများကို မတ်၁၆ ရက်က ကျင်းပရာ နယူးကာဆယ်အသင်းက အိုလံပီယာကော့စ်ကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အေဇက်အယ်လ်ခမာက ရှက်တာဒိုးနက်ကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ကာ စတူရာဘူခါရက်နှင့် ဗီလာရီးယဲလ်တို့ ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။

နယူးကာဆယ်နှင့်အိုလံပီယာကော့စ်

ယူအီးအက်ဖ်အေဖလား ပထမအကျော့ပွဲစဉ်အဖြစ် အဝေးကွင်း၌ ကစားခဲ့ရစဉ်ကလည်း အိုလံပီယာကော့စ်ကို သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သော နယူးကာဆယ်သည် အိမ်ကွင်း၌လည်း လေးဂိုးပြတ်အနိုင်ကစား

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ပွဲစဉ်အဖြစ် အယ်လ်ခမာနှင့် ရှက်တာဒိုးနက်အသင်းတို့ ပွဲတွင် အယ်လ်ခမာမှ မီရာဒင့်ခ် (ဖြူ)**နှင့် ရှက်တာဒိုးနက်မှ ရာဖ်ဗင်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

ခဲ့သဖြင့် ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အိမ်ကွင်း၌ နယူးကာဆယ်တို့ အိုလံပီယာကော့စ်ကို စိတ်ကြိုက်မွှေနှောက်ကစားနိုင်ခဲ့ရာ ပွဲချိန်၁၈မိနစ်မှာပင် အလန်ရှီးယားပေးလိုက်သည့်ဘောလုံးကို အလယ်တန်းလူ ကီယွန်ဒိုင်ယာက လှပစွာသွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်း အလယ်တန်းက ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်နိုင်ပြီး တိုက်စစ်မှူးများနှင့်အတူ လိုက်ပါထိုးဖောက်ကစားမှုကြောင့် ၄၅ မိနစ်တွင် အလန်ရှီးယားက တစ်ဂိုးသွင်းယူခဲ့ရာ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။ အလန်ရှီးယား ယခုပွဲတွင် အသင်းကို ဦးဆောင်ကစားနိုင်ပြီး ခြေပေါ်အောင်လည်း ကစားနိုင်ခဲ့သည်။

အိုလံပီယာကော့စ်အသင်း ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားသော်လည်း တိုက်စစ်မှူးများဖြစ်သည့် ရိုင်ရိုဗင်နီ၊ စတောဒီနှစ်နှင့် မာရက်တို့က နယူးကာဆယ် နောက်တန်းကို မကျော်နိုင်ခဲ့ချေ။

၁၉၁ ဂိုး

နယူးကာဆယ်အသင်း ကစားကွက်စီးမိပြီး ၅၄မိနစ်တွင် အလယ်တန်းလူ လီဘောင်ရာက တစ်ဂိုးသွင်းယူကာ ၆၉ မိနစ်တွင် အလန်ရှီးယားက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အလန်ရှီးယားသည် ယခုပွဲ၌ နှစ်ဂိုးသွင်းယူခဲ့သဖြင့် ယခုနှစ် ဘောလုံးရာသီ၌ သွင်းဂိုး ၁၈ဂိုးရှိပြီဖြစ်ရာ နယူးကာဆယ်အတွက် ၁၉၁ဂိုး သွင်းပေးနိုင်ခဲ့ပြီးဖြစ်သည်။

ယခုပွဲအနိုင်ရရှိသဖြင့် နယူးကာဆယ်အသင်းသည် နှစ်ပွဲပေါင်းရလဒ် ခုနစ်ဂိုး–တစ်ဂိုးဖြင့် ယူအီးအက်ဖ်အေ ဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

အေဇက်အယ်လ်ခမာနှင့် ရှက်တာဒိုးနက်

အယ်ခမာတို့အိမ်ကွင်း အယ်လ်ခမာဒါဟုဒ်၌လည်း နိုင်ပွဲရရှိအောင် ကစားနိုင်ခဲ့ရာ ပွဲအစ ကိုးမိနစ်မှာပင် တိုက်စစ်မှူး ဗင်ဂါလန်က ၁၆ မီတာ အကွာမှ အပြင်းကန်သွင်းချက်ကြောင့် ရှက်တာဒိုးနက် ဂိုးသမား ဂျင်လပ်တူကာ မည်သို့မျှမတတ်နိုင်ဘဲ ဂိုးဝင်သွားခဲ့ခြင်းဖြစ်သည်။ ရှက်တာဒိုးနက်တို့ ချေပဂိုးရရှိရေး ကြိုးစားကစားသော်လည်း ၆၅ မိနစ်တွင် အယ်လ်ခမာတိုက်စစ်မှူး ပီရက်ဇ် ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို အလယ်တန်းလူ မီရာဒင့်ခ်က ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုး ထပ်မံရရှိခဲ့သည်။ ရှက်တာဒိုးနက်အတွက် ချေပဂိုးကို ၆၆ မိနစ်တွင် နောက်ခံလူ အီလာဒိုက သွင်းယူပေးခဲ့သဖြင့် အယ်လ်ခမာတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကွာတားဖိုင်နယ်တက်ရောက်

အယ်လ်ခမာအသင်း နှစ်ပွဲပေါင်းရလဒ် ငါးဂိုး–နှစ်ဂိုးဖြင့် ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဘူခါရက်နှင့် ဗီလာရီးယဲလ်

ယူအီးအက်ဖ်အေဖလား ပထမအကျော့ပွဲစဉ်အဖြစ် ဘူခါရက်ကွင်း၌ ဗီလာရီးယဲလ်တို့ ဂိုးမရှိသရေ ကစားနိုင်ခဲ့သည်။ ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့်တနင်္ဂနွေနေ့တွင် ဗီလာရီးယဲလ်ကွင်း၌ ကစားရမည်ဖြစ်ရာ မိမိတို့အနိုင်ရရှိအောင် ကစားမည်ဟု ဗီလာရီးယဲလ်နည်းပြ ပီလာဂရီနီက ပြောကြားထားသည်။

(အင်တာနက်)

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ပွဲစဉ်အဖြစ် နယူးကာဆယ်နှင့် အိုလံပီယာကော့စ်တို့ပွဲတွင် နယူးကာဆယ်မှ အလန်ရှီးယား(ယာ) **ဂိုးသွင်းယူလိုက်စဉ်။**

(ဓာတ်ပုံ–အင်တာနက်)

ပေးအပ်လှူဒါန်း

မတ် ၃ရက်က မင်းတုန်းမြို့နယ် တံတားကျေးရွာတွင် လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကျင်းပရာ တိုးတက်မှုအရှိဆုံး စာကြည့်တိုက်ဆုအဖြစ် ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မင်းလှမြို့နယ်တွင် ကျေးရွာစပါးခွဲလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် နှစ်ပေမီးချောင်း ၁၀၂ ချောင်းနှင့် ရုပ်မြင်သံကြားအလုံး ၃၀ ဓာတ်အားပေးနိုင်

မင်းလှ မတ် ၁၄

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် ထောက်ကြန့်ကွင်းကျေးရွာ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ ရက် နံနက် ၈ နာရီက အဆိုပါစက်ရုံတွင် ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းက အမှာစကားပြောကြားပြီး ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးက စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖြစ်ပေါ်လာရခြင်းကို ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းဦးနှင့် ထောက်ကြန့်ကွင်းကျေးရွာ ဥက္ကဋ္ဌ ဦးကြည်စိုးတို့က စပါးခွံသုံးဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ စပါးခွံလောင်စာသုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံကို ဦးဝင်းတင်၏ မြင်းကောင်ရေ ၁၅၀ အားရှိ 8,CD9 အင်ဂျင်နှင့်တွဲဖက်၍ ၂၀ ကေဗွီအေဒိုင်နမိုဖြင့် ထောက်ကြန့်ကွင်းကျေးရွာ အိမ်မီး၊ လမ်းမီး နှစ်ပေမီးချောင်း ၁၀၂ ချောင်းနှင့် တီဗွီအလုံး ၃၀ စုစုပေါင်းဝပ် ၅၃၄၀ကို လျှပ်စစ်ဓာတ်အားပေးနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါင်းတလည်–ခွေးရဲ ကျောက်ချောလမ်းသစ်ဖွင့် ကျေးရွာထွက်ကုန်သီးနှံများ မြို့သို့အလွယ်တကူပို့ဆောင်နိုင်

ပြည် မတ် ၁၄

နှစ် (၆၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ပေါင်းတလည်–ခွေးရဲကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပေါင်းတလည်– ခွေးရဲကျောက်ချောလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် အမှုဆောင်အရာရှိ ဦးဆန်းမော်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ပို့ဆောင်ပေးနိုင်မည်

အဆိုပါ ကျေးလက်ကျောက်ချောလမ်းသစ်သည် အရှည် ၉၈၈၅ပေ၊ အကျယ် ၁၀ပေရှိပြီး ကျေးရွာချင်းဆက်နွယ်ပြီး မြို့သို့ အလွယ်တကူသွားရောက်နိုင်သောလမ်းဖြစ်၍ ပေါင်းတလည်ကျေးရွာအုပ်စုမှ ကျေးရွာနေပြည်သူများ၏ ကျေးရွာထွက်ကုန်သီးနှံများ ရာသီမရွေး အချိန်တိုအတွင်း မြို့အရောက် အလွယ်တကူပို့ဆောင်ပေးနိုင်မည် ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

အုတ်ဖိုမြို့နယ် လင်းလွန်းပင် ရေအားလျှပ်စစ်စက်ရုံဖွင့်

အုတ်ဖို မတ် ၁၄

အုတ်ဖိုမြို့နယ် လင်းလွန်းပင် ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက် နံနက် ၇နာရီက အဆိုပါရေအားလျှပ်စစ်စက်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းက အမှာစကားပြောကြားပြီး စက်ရုံကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ရေအားလျှပ်စစ်စက်ရုံအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်သူများက မတည်ငွေကျပ်၅၃၃၉၀၀၀နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

မြင်းခြံမြို့နယ်တွင် ကျေးလက်စက်ရေတွင်းဖွင့် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိပြီ

မြင်းခြံ မတ် ၁၄

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်ပေးခဲ့သော လေးလက်မ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၉ရက် နံနက် ၉နာရီက ဂျုပ်ပင်ကျေးရွာ စက်ရေတွင်းရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာက စက်ရေတွင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်ရေတွင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

သောက်သုံးရေဖူလုံ

အဆိုပါ စက်ရေတွင်းမှာ လေးလက်မ စက်ရေတွင်းဖြစ်ပြီး ရေထွက်နှုန်းမှာ တစ်နာရီ ရေဂါလန် ၁၂၀၀ ထွက်ရှိ၍ ရေစက်ရုံ ရေဂါလန်၈၀၀၀ဆံ့ ရေကန်အပါအဝင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၃သိန်းအကုန်အကျခံ၍ ဆောင်ရွက်ခဲ့သဖြင့် ကျေးရွာပြည်သူများသန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မြောင်းမြမြို့နယ် မြေချောင်းကျေးရွာအုပ်စုတွင် နဝဒေးကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်တွင် အဝီစိတွင်းဖွင့်ပွဲကျင်းပ

ဒိုက်ဦး မတ် ၂

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ပျဉ်းမလွင်ကျေးရွာတစ်လက်မခွဲ တွင်းတိမ်စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက်က ပျဉ်းမလွင်အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ခံအင်ဂျင်နီယာက အဝီစိတွင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းသန်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဦးထံ ဖွင့်ပွဲအထိမ်းအမှတ်အလံ ပေးအပ်ပြီး အဝီစိတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေလယ်ကျွန်း ရွှေဘုန်းပွင့်စေတီ ဘက်စုံပြုပြင်မွမ်းမံ

မဒေါက် မတ် ၄

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာရှိ ရေလယ်ကျွန်း ရွှေဘုန်းပွင့်ပြည်တော်အေးစေတီတော်တွင် ရန်ကုန်မြို့ သုဝဏ္ဏာနေ ဘုရားဂေါပက ဥက္ကဋ္ဌ ဦးကျော်ဝ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ အလှူရှင်များနှင့် ကျေးရွာများရှိ အလှူရှင်များစုပေါင်းလှူဒါန်းမှုဖြင့် ဘုရားဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(က-ပ)**

ဒီပါရုံစေတီ ဗုဒ္ဓပူဇနိယပူဇော်ပွဲ ကျင်းပမည်

ငပုတော မတ် ၅

ငပုတောမြို့နယ် ပျဉ်းမချောင်းအလုံအတွင်း ဒီပါရုံစေတီတော်မြတ်ကြီး **(ဝဲပုံ)** ၏ ဗုဒ္ဓပူဇနိယပွဲတော်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မတ် ၂၇ရက်မှ ဧပြီ ၄ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စေတီတော်၏ သိမ်တော်၊ ဓမ္မာရုံ၊ လေ့ကား၊ စောင်းတန်းများ ဘက်စုံပြုပြင်ဆောင်ရွက်ရေးအတွက် အလှူရှင်များက အရှင် ဦးသြဘာသ အောင်သုခကျောင်းတိုက်၊ ပိုးလောင်းရွာ ငပုတောမြို့နယ်၊ ဗိုလ်မှူးထွန်းရှင် ဖုန်း-၂၂၁၈၃၊ ၂၁၂၄၂နှင့် ဒေါက်တာစိုးသိမ်း ဖုန်း-၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို အဖွဲ့ပိုင် မြို့မဈေးအတွင်း၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မောင်သိန်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးငွေထွန်းနှင့် အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ဦးဆောင်သောစည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ၂၉ရက်က ရုံးကြီးလမ်း တစ်လျှောက် စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (က-ပ)

ဓနုဖြူမြို့၌ ကျောက်ချောလမ်းအဆင့်တိုးမြှင့်

ဓနုဖြူ မတ် ၃

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ရက်က ဓနုဖြူမြို့ အမှတ်(၉)ရပ်ကွက် မဟာဗောဓိ လမ်း အရှည်ပေ၁၁၀၀နှင့် အကျယ်၁၂ပေရှိ မြေသားလမ်းကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ကာ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံစေတနာရှင်များပူးပေါင်း၍ စက်ယန္တရားဖြင့် ဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြသည်။

အဆိုပါလမ်းကို ဖောက်လုပ်ခဲ့ခြင်းကြောင့် ရေစီးရေလာကောင်းမွန်ခြင်း၊ ရပ်ကွက်သန့်ရှင်းသပ်ရပ်ခြင်းတို့အပြင် ရပ်ကွက်နေပြည်သူများ လွယ်လင့်တကူ သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။ **(၀၈၅)**

မြန်မာ့အသံ

၁၉-၃-၂၀၀၅(စနေနေ့) နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့်သာစုဆွေးနွေးခန်း
၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ရွှေတောင်အဆင့်မြင့် ချည်မျှင်နှင့် အချောကိုင်စက်ရုံ)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း (၁)တပ်မတော်ဂုဏ်ရည် (ခေါင်းကြီး) (၂)မမုန်းတော့ပါဘူး (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၆း၁၅ ဟောပြောချက် (မွန်တို့ဒေသရာမည)
၁၇း၀၀ ဆို၊က၊ရေး၊တီးပြိုင်ပွဲဆုရအစီအစဉ်(ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုးနှင့် ရန်ကုန်တိုင်းမှ မောင်ဇော်ဝင်းနိုင်တို့၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်း၏ အကျိုးကျေးဇူး)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော အဲလက်စ်၏ အချစ်နှင့်ကောင်းကင်တေးစီးရီး
၂၀း၃၀ English Lesson Working Knowledge.
၂၀း၄၅ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တေးသံစုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ဒဂုံတက္ကသိုလ်
(၁၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ်မှ ၂၀၀၄ခုနှစ်၊ မတ်လနှင့် စက်တင်ဘာလတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ Diploma in Post Graduate Studies (DPGS) ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ (၁၉၉၇)၊ စတုတ္ထနှစ် ဥပဒေပညာဘွဲ့(၁၉၉၇)နှင့် တတိယနှစ် ဝိဇ္ဇာ/သိပ္ပံ (စနစ်သစ်) (၂၀၀၀) စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို၂၀၀၅ခုနှစ်၊ မတ်လ၁၇ရက်မှ ဧပြီလ ၁၂ရက်အထိ လျှောက်လွှာများတင်သွင်း လျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော $2 \times 1\frac{1}{2}$ အရွယ်ဓာတ်ပုံ နှစ်ပုံစီ ပူးတွဲလျှောက်ထားရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ယူဆောင်လာရန်)

၃။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၄။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင်ငါးရာတိတိ) ပေးသွင်းကြရပါမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ပေးသွင်းကြရပါမည်။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ဒဂုံတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲစသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။

၅။ ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်၊ အချိန်နှင့် အစမ်းလေ့ကျင့်မည့်နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာပါမည်။

လှမြင့်
မော်ကွန်းထိန်း။

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော်ဦးဘတင် မှတ်ပုံတင်အမှတ် (ပီကေအိပ်ချ်ဂျီ-၀၀၇၂၄၆)မှ ဦးနော်ဇီရ် အာမက် (အေအိုင်-၀၁၃၇၁၄)သို့ ၈-၁၀-၁၉၉၃ရက်၌ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၅၉၅၃/၉၃)အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း။ **ဦးဘတင် ပီကေအိပ်ချ်ဂျီ-၀၀၇၂၄၆။**

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့် ၂၁၊ နည်းပညာ-၂၂)
တောင်ကြီး ခရိုင်တရားရုံး
၂၀၀၅ခုနှစ် တရားမဇာရီမှုအမှတ်-၅၃
၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၅၉နှင့် ဆက်သွယ်သည်

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် တောင်ကြီးမြို့။ **နှင့်** ၁။ ဦးညွှန့်စိန် ၂။ ဒေါ်နှင်းနွယ်

ဒီကရီအနိုင်ရသူ **တရားရှုံး**

အောင်ပန်းမြို့ လက်မပင်ရပ်ကွက်နေ ဦးညွှန့်စိန်၊ ဒေါ်နှင်းနွယ် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်-၅၉တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်ဒီကရီအနိုင်ရရှိသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်အမိန့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၅ခုနှစ်၊ မတ်လ ၂၈ရက် (၁၃၆၆ခုနှစ်၊ တပေါင်းလဆုတ် ၄ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၅ခုနှစ် မတ်လ ၈ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နှင်းသီတာ
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့။ ၁၃၆၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်။
၂၀၀၅ခုနှစ် မတ်လ ၈ရက်။

၁။ ၂၀၀၅ခုနှစ် မတ်လ ၃၀ ရက်မှစ၍ (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည် ဖြစ်ပါသည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများရောင်းချရန် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၅ ခုနှစ် မတ်လ ၁၄ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် မြစ်ကြီးနားဒေသဖွံ့ဖြိုးရေး စစ်ဆေး ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေး စီးပွားဖြစ်လုပ်ကိုင်ရန်မှာကြား

ရန်ကုန် မတ် ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ကို ဒေသခံ ပြည်သူများနှင့် လက်တွဲဆောင်ရွက်ကြရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာ ချောင်ချိရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများကို စံနမူနာအဖြစ် ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✡

သတင်းစာရှင်းလင်းပွဲစာစောင် ဖြန့်ဝေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ၁၅-၃-၂၀၀၅ ရက်နေ့တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အနောက်အင်အားကြီး နိုင်ငံအချို့က မြန်မာနိုင်ငံတွင် ၎င်းတို့ လိုလားသည့် ရုပ်သေးအစိုးရ တင်နိုင်ရေးအတွက် တပ်မတော်အစိုးရအား ဖိအားပေး အကျပ်ကိုင်နိုင်အောင် ILO ကို နိုင်ငံရေးစင်မြင့်အဖြစ် အသုံးချနေပုံများ၊ ရွက်ဆစ်ခေါင်းဆောင်သည့် SURA အကြမ်းဖက်အဖွဲ့က ရှမ်းပြည်လွတ်မြောက်ရေးဆိုသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချ ကိုယ်ကျိုးရှာနေမှုများ၊ SSA၊ SSNA၊SURA၊ SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များသည် မည်ကာမတ္တ ပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်၌ ခွဲထွက်လျက် သီးခြားနိုင်ငံ ထူထောင်ရန်သာဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့အတွက် အန္တရာယ်အလွန်ကြီးမားပုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ အဆိုပါ ရှင်းလင်းပြောကြားချက် အပြည့်အစုံအား ဖော်ပြထားသည့် စာစောင်ကို ၁၈-၃-၂၀၀၅ ရက်နေ့ထုတ် သတင်းစာများမှစ၍ ပူးတွဲထည့်သွင်း ဖြန့်ဝေသွားမည် ဖြစ်ပါသည်။ မရရှိပါက သတင်းစာကိုယ်စားလှယ်များထံတွင် အခမဲ့တောင်းယူနိုင်ပါသည်။

မြန်မာ့အလင်း

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

❒ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းအားလုံးတွင် နိုင်ငံတော်၏ အကျိုးစီးပွား နစ်နာမှုမရှိစေရေးနှင့် အမျိုးသား အကျိုးစီးပွားဖြစ်ထွန်းမှုကို အဓိက ဦးတည်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ခေါင်းကြီး (စာ-၂)

❒ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့်နိုင်ငံဖြစ်သော်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အခြေခံပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

ဟိန်းထွဋ်၏ဆောင်းပါး (စာ-၁၀)

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ အစည်းအဝေးဆက်လက်ကျင်းပ စုံညီအစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၇

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အဖွဲ့လိုက်သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းဖတ်ကြားသည့် အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလုနှင့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ်

စာမျက်နှာ ၇ ကော်လံ ၁ ●